စာစဉ် ၈

# *အပိုင်း ၁၁၃ ဇိမ်ခံကား*

အဆုံးမှာတော့ ဒမ်ဘီက အရိုးခွံတောင်ပံလင်းနို့ပြောကို လှောင်အိမ်အပြင်ဘက်သို့ တရွတ်တိုက်ဆွဲထုတ်သွားသည်။ ဒမ်ဘီပုံစံက အသေကောင်ကြီးကိုဆွဲလာသလိုပုံတောင်ပေါက်သည်။

“အိုး၊ သနားစရာပဲ။ နှာခေါင်းသွေးယိုတဲ့အထိကို ဆိုးဆိုးရွားရွားအရိုက်ခံလိုက်ရတာပဲ။”

စာစဉ် ၈

"အဲ့ကောင်ထပ်ပြီး ထောင်လွှားနေလို့မရတော့ဘူး။ ပြီးခဲ့တဲ့ရက်ပိုင်းတုန်းကတော့ ဒီလင်းနို့ကောင် အရမ်းတွေဘဝင်မြင့်နေတာ။ ဝမ်းသာလိုက်တာ။"

လူများစွာ စုဖွဲ့နေကာ တိုက်ပွဲအကြောင်း ပြောဆိုနေကြသည်။ အားလုံး အံ့အားသင့်သွားကာ ခေါင်းကိုယမ်းလိုက်ကြပြီး ကံဆိုးသွားကြသည့် လင်းနို့အကြောင်းကို ကျေနပ်အားရစွာ ပြောဆိုဆွေးနွေးနေကြတော့သည်။

အရိုးခွံတောင်ပံလင်းနို့ပြာသည် ဖုတ်ကောင်အမျိုးအစားဖြစ်သော်လည်း ခန္ဓာကိုယ်ကိုတော့ အရိုးများဖြင့် မဖွဲ့စည်းထားပေ။ ၎င်း၏ခန္ဓာကိုယ်ပေါ် ထိုးထွက်နေသည့်

အရိုးများစွာရှိနေရုံသာဖြစ်ပြီး လတ်ဆတ်သည့်အသွေးနှင့်အသားတို့ ရှိနေတုန်းပင်။

“နည်းပြ၊ နည်းပြပြောခဲ့စကားတည်လား? ကျွန်တော် ဒီအရိုးခွံတောင်ပံလင်းနို့ပြာကို စိတ်ကြိုက်လုပ်နိုင်လား?” ကောင်းဖန်မေးလိုက်သည်။

“မင်းလုပ်ချင်တာ လုပ်လို့ရတယ်။” နည်းပြခေါင်းဆောင်ချန်းက သူ့လက်များကိုဝှေ့ယမ်းကာ ပြောလိုက်သည်။ ဤအရိုးခွံတောင်ပံလင်းနို့ပြာသည် ပြင်ပကမ္ဘာမှာပင် တန်ဖိုးရှိတာဖြစ်သည်။ ၎င်းကို မဟာမိတ်ခရက်ဒစ်များနှင့် မရောင်းချမီက တခြားသာမာန်သားရဲတစ်ယောက်မျှသာဖြစ်သည်။

တောထဲတွင် စစ်တပ်ရွေးချယ်ဖို့အတွက် သားရဲမြောက်မြားစွာရှိနေတုန်းပင်။

ကြိုးစားအားထုတ်နေသ၍ သူတို့မဖမ်းမိနိုင်သည့် သားရဲဟူ၍ရှိမည်မဟုတ်ပေ။ ဈေးကွက်ထဲတွင် ရောင်းဝယ်နေကြသည့် သားရဲတစ်ဝက်လောက်သည် စစ်တပ်မှဖမ်းပေးထားခြင်းသာဖြစ်သည်။ အင်အားအစစ်အမှန်၏နောက်ကွယ်တွင် စစ်တပ်ဆိုတာ ရှိလို့နေသည်။

ဒီလိုဆိုမှတော့ ကောင်းဖန်လဲ စိတ်အေးကာ ခေါင်းပြန်ညိတ်ပြလိုက်တော့သည်။

ကောင်းဖန် သူ့ကိုပိုမြင့်သွားစေမည့် တစ်နေရာတွင် မတ်တပ်ရပ်လိုက်ကာ အသံကျယ်ကျယ်ဖြင့် အော်လိုက်သည်။ "ဒီအရိုးခွံတောင်ပံလိပ်ပြာကို စိတ်ဝင်စားတဲ့လူရှိလား? မဟာမိတ်ခရက်ဒစ်၅၀၀ပဲကျမှာနော်။

ဒီနေ့အရောင်းကိုသာ လက်လွှတ်လိုက်ရရင် မင်းတို့နောက်နေ့ဆို အခွင့်အရေးရတော့မှာမဟုတ်ဘူး။ ထိပ်တန်းအဆင့်သားရဲမျိုးရဖို့နောက်တစ်ကြိမ်အခွင့်အရေးရှိလာပါ့မလားဆိုတာ မသိနိုင်ဘူးနော်။”

ခေါင်းဆောင်နည်းပြချန်းတစ်ယောက် ဒေါသထွက်သွားတော့သည်။ လင်းနို့ကို ကောင်းဖန်သူ့ဘာသာအတွက်သုံးမည်ဟု သူတွေးထားခဲ့ခြင်းဖြစ်သည်။ အခုလို အရိုးခွံတောင်ပံလင်းနို့ပြာ လက်ထဲရောက်သွားတာနဲ့ ရောင်းလိုက်မယ်လို့ ဘယ်သူတွေးမိမှာလဲ?

ခေါင်းဆောင်နည်းပြချန်း မျက်လုံးများကို မှေးမှိတ်ထားမိတော့သည်။ သူရောင်းချင်နေသပဆိုလဲ

ရောင်းပါစေတော့ဟုသာ တွေးလိုက်တော့သည်။ ဒီသားရဲကို သူဘယ်လိုဆက်ဆံပါစေ ဒါက သူ့ကိစ္စဖြစ်သွားပြီပဲ။

ဤအရိုးခွံတောင်ပံလင်းနို့ပြာသည် ကောင်းဖန်အတွက်တော့ တန်ဖိုးမရှိပေ။ ၎င်းက တိုက်ပွဲအင်အားမှာ မသန်မာသလို အပျံစွမ်းရည်ကလဲ မကောင်းလှပေ။ ခြုံပြောရလျှင် ၎င်း၏စွမ်းရည်များမှာ လွန်စွာမကောင်းသည့်ဘက်သို့ရောက်သည်။ သူ့မှာပျံသန်းနိုင်သည့်စွမ်းရည်ရှိတာတောင်မှ သိပ်ပြီးအသုံးမဝင်ပေ။

အပျံသားရဲအမျိုးအစားများတွင်ဆိုလျှင် အရိုးခွံတောင်ပံလင်းနို့ပြာများသည် အမြင့်ပျံမှုရော လျင်မြန်နှုန်းရော မရှိပေ။ ၎င်းတို့သည်

စာစဉ် ၈

မပျံသန်းနိုင်သည့်သားရဲများကိုသာ အနိုင်ကျင့်ရုံတတ်နိုင်သည်။ ဒီလိုမျိုးနေထိုင်မှုပုံစံမျိုးက သူတို့ထက်ပိုပြီးကြီးမားသည့် သားရဲများနှင့် ကြုံဆုံရလျှင် ဖျက်ဆီးခံလိုက်ရပေမည်။

ကောင်းဖန်လဲ တခြားအပျံသားရဲအမျိုးအစားများကို တိုက်ခိုက်နိုင်ရန်အတွက် အပျံသားရဲတစ်ကောင်လောက် လေ့ကျင့်ပေးချင်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် သူ့မှာ ဒမ်ဘီ၊ တာ့ဇီ နှင့်အစင်းလေးတို့ ရှိနေပြီဖြစ်သည်။ သူ့အတွက် အရိုးခွံတောင်ပံလင်းနို့ပြာ ထပ်မလိုအပ်တော့ပေ။

၎င်း၏တိုက်ခိုက်ရေးစွမ်းအားကို မြင့်တင်ဖို့အတွက် သားရဲအဆင့်ကို ကောင်းဖန် မြှင့်ပေးနိုင်သော်လည်း အဆင့်တစ်ခုဆိုတာထက်ကိုပိုသည်။ အဆင့်မြင့်လာလေ

စာစဉ် ၈

အဆင့်မြှင့်ဖို့ရန် လိုအပ်သည့်ပါဝင်ပစ္စည်းများက ပိုလို့ဈေးကြီးလာလေဖြစ်သည်။

ထို့ကြောင့် ကောင်းဖန်က အဆင့်အတန်းမြင့်ပြီးသား ကိုယ်ပိုင်အပျံသားရဲတစ်ကောင်ကို တစ်ခါတည်းမွေးလိုက်ဖို့ ဆင်ထားသည်။ အနည်းဆုံးတော့ တခြားအပျံသားရဲအမျိုးအစားတွေရဲ့ ဖိနှိပ်မှုကို မခံရတော့ဘူးပေါ့။

မုထျယ်ယင်းက အနားသို့လျှောက်လာကာ ပြောလိုက်သည်။ “ငါဝယ်ချင်တယ်၊ ငါ့ကိုရောင်းပါလား။”

ကောင်းဖန် အနည်းငယ်အံ့သြသွားမိသည်။ မုထျယ်ယင်းဝယ်ချင်လိမ့်မည်ဟု သူမထင်ထားပေ။

စာစဉ် ၈

“မင်း ဒီလင်းနို့ကို ဝယ်ချင်တာသေချာရဲ့လား?” ကောင်းဖန် တုံ့ဆိုင်းစွာဖြင့်မေးလိုက်သည်။

“ဒါပေါ့၊ စိတ်ရှုပ်မနေစမ်းပါနဲ့။ နင်ကသာ ဒီအရိုးခွံတောင်ပံလင်းနို့ပြာကို အထင်သေးနေတာ ငါတို့ကတော့ အရမ်းတန်ဖိုးထားကြတယ်။” မုထျယ်ယင်း ပြောရင်းဖြင့် ကောင်းဖန်ကို မျက်စောင်းထိုးလိုက်သည်။

ကောင်းဖန် ချက်ချင်းပင် ယဉ်ကျေးသိမ်မွေ့သည့်အပြုံးတစ်ပွင့် ပြုံးပြလိုက်သည်။ သူ့ရဲ့တကယ့်ခံစားချက်အမှန်ကြီး လူကြားထဲဖွင့်ထုတ်ပြောခြင်းခံလိုက်ရတာက အတော်လေးရှက်ဖို့ကောင်းလှသည်။

စာစဉ် ၈

အရိုးခွံတောင်ပံလင်းနို့ပြာသည် လူသားများ၏အချို့သောခံစားချက်များကို သိရှိနိုင်သည်။ ဒါကြောင့် သူစွန့်ပစ်ခံလိုက်ရသည်ကိုသိကာ ကောင်းဖန်ကို လှည့်မကြည့်မိဘဲ မနေနိုင်တော့ပေ။

ကောင်းဖန်ကတော့ လျစ်လျူရှုထားလိုက်သည်။ သူက ပိုက်ဆံယူပြီးနောက်, သူကအတော်လေးပျော်နေပုံရသည်၊

"ငါဒီညမင်းအတွက်အစားကောင်းဝယ်ပေးမယ်!" ကောင်းဖန်ကအားရကျေနပ်စွာဖြင့် ဒမ်ဘီ၏ပုခုံးကိုပုတ်လိုက်ကာပြောလိုက်သည်။

ဒမ်ဘီကခေါင်းညိတ်လိုက်သည်။ သူကလင်းနို့သည်မြေပြင်ပေါ်တွင်လှဲနေတာကိုတွေ့

စာစဉ် ၈

ပြီးနောက်

ၚင်းကလေးနက်သောအတွေးထဲသို့ရောက်သွားသည်။

ဒီလင်းနို့ကိုသူရှုံး အောင်လုပ်နိုင်တဲ့အခါတိုင်း

သူအစားကောင်းစားရမှာလား?

မုထျယ်ရင်းကပြောင်းရွှေ့မှုအမြန်ပြီးစီးသွားပြီး

ကောင်းဖန်အားအချိန်တိုအတွင်း

ပြောင်းရွှေ့ရန်အတွက်သတိပေးလိုက်သည်။

ကောင်းဖန်သည်အနည်းငယ်စိတ်ခံစားမှုဖြစ်ခဲ့သည်၊

သူမသည်ချမ်းသာသော

မိန်းကလေးတစ်ယောက်ဖြစ်ပုံရသည်၊

သားရဲနှင့်စာချုပ်ချုပ်ဆိုရန်အတွက်က,

ထိုသားရဲကသဘောတူမှဖြစ်သည်။

ရက်စက်သောနည်းလမ်းကိုသုံးခြင်းသည်အလုပ်မဖြစ်ပါ၊

စာစဉ် ၈

နောက်ဆုံး, ဒါကရိုင်းစိုင်းသောသားရဲဖြစ်တာကြောင့် ကောင်းဖန်ကသူမကိုသတိပေးလိုက်သည်, “မင်းအဲ့တာနဲ့အပြန်အလှန်ရင်းနှီး အောင်လုပ်တဲ့အခါသတိထားသင့်တယ်။ သူ့ရဲ့အသံလှိုင်းက မင်းကိုအလွယ်တကူ ဒဏ်ရာရစေတယ်။”

မုထျယ်ရင်းကသူနားလည်ကြောင်းခေါင်းညိတ်ပြလိုက်သည်။

ကျောင်းဆင်းတော့,သားရဲလေ့ကျင့်သူများသည် ဆက်နေ၍လေ့ကျင့်နေကြသည်။ နောက်တော့, နောက်ဆုံးစာမေးပွဲမတိုင်ခင်နှစ်ပတ်သာလိုတော့သည်၊ သူတို့ကဖိအား တွေကိုခံစားနေရပြီး,

စာစဉ် ၈

ကျောင်းသားတွေကလေ့ကျင့်ရန်ကျောင်းဆင်းလျှင်လေ့ကျင့်ရန် နေခဲ့ကြသည်။

သူတို့ကျောင်းထဲကထွက်လာတော့, မုထျယ်ရင်းကကောင်းဖန်ကိုပြောလိုက်သည်, "ငါကို့ဒီတစ်ပတ် တစ်နေရာသီးသန့်ပေးလို့ရလား?"

"ဘာလဲ?" ကောင်းဖန်ကမေးလိုက်ကာကြောင်သွားသည်၊

"နင့်စတူဒီယိုလေ။ နင်ကအရင်လိုမကျော်ကြားသေးဘူးလို့ထင်နေတာလား? ချန်အန်း သားရဲပျိုးထောင်သူစတားမစ္စတာကောင်း, ဟုတ်တယ်မလား?" မုထျယ်ရင်းက ပြောလိုက်သည်၊ "ဒီအသိုင်းအဝန်းထဲမှာမင်းရဲ့ဂုဏ်သတင်းကိုကောင်းကေ ာင်းသိတယ်။

စာစဉ် ၈

နင့်ရဲ့ငွေလောဘကြောင့်နင်လောဘကြီးတာကိုသိပေမ
ယ့်နင့်ရဲ့နေရာမှာကြိုတင်နေရာ
ယူတဲ့သူအရေအတွက်ကအရမ်းမြင့်တယ်၊
ဒါ့ကြောင့်ငါနင့်ကိုပြောပြီးကြိုနေရာယူထား ချင်တာ။
မင်းအဆင်မပြေရင်လည်းအဲ့တာကိုမေ့လိုက်။”

“မင်းကြာစေ့လေးရဲ့အဆင့်ကိုမြှင့်ချင်တာလား?”
ကောင်းဖန်ကအဆင်မပြေသော
အနေအထားတွင်ရှိသည်။ နောက်,
ကြာစေ့လေးကနောက်ထပ်အဆင့်တစ်ခုထပ်တက်
သွားလျှင်၎င်းက
ထူးခြားအဆင့်သို့ရောက်သွားပြီဖြစ်သည်၊

စာစဉ် ၈

သူကသားရဲတစ်ကောင်အားထူးခြားအဆင့်သို့ လျင်မြန်စွာတက်နိုင်ရန်ကူညီနိုင်သော စွမ်းရည်ကိုမထုတ်ဖော်ချင်သေးပေ။

အကယ်၍တစ်ယောက်ကကြာစေ့လေးသည့်ထူးခြား အဆင့်သို့ရောက်ရှိနေသည်ကို တွေ့လျှင်ဂရင်းသည်သန္ဓေပြောင်းဆင့်ကဲဖြစ်စဉ်ပြောင်းလဲ မှုကြောင့်ဟုထင်လိမ့်မည် ဖြစ်သည်၊ သူတို့ကကောင်းဖန်၏စွမ်းရည်ကြောင့်လို့တော့ခန့်မှန်းမှ ာမဟုတ်ပေ။

“မဟုတ်ဘူး၊ ဒီကောင်ရဲ့အဆင့်ကိုမြှင့်ချင်တာ” မုထျယ်ရင်းကပြောလိုက်သည်။ သူမ၏ ခြေထောက်နားက ရိုးခွံတောင်ပံလင်းနို့ပြာကိုထိုးပြလိုက်သည်။

စာစဉ် ၈

"သူနဲ့တစ်ပတ်အတွင်းစာချုပ်ချုပ်နိုင်မယ်ဆိုတာ မင်းသေချာလား?" ကောင်းဖန်က အနည်းငယ်အံ့သြသွားသည်။ ထို့နောက်ဤအခြေအနေသည်သူ၏အခက်အခဲကို ဖြေရှင်းနိုင်သည်ကိုသူသဘောပေါက်လိုက်သည်။ သူကပါးစပ်ကိုအမြန်ပိတ်လိုက်သည်။

သားရဲတွေကိုယဉ်ပါးအောင်ပြုလုပ်ပြီးကိုယ်ပိုင်သားရဲဖြစ်လာအောင်ပြုလုပ်ခြင်းသည် ချစ်ခင်မြတ်နိုးတတ်သောစွမ်းရည်ဖြစ်သည်။ သူတို့အမိန့်တွေကိုနာခံဖို့အတွက် နည်းလမ်းတွေရှိသည်။

သားရဲတွေတွင်လည်းခံစားချက်များနှင့် အသိဉာဏ်ရှိသော်လည်း ၎င်းတို့သည်အတော်လေးရိုးရှင်းကြသည်၊ သားရဲ၏ဦးစားပေး၍

စာစဉ် ၈

သားရဲနှင့်ဆက်ဆံရေးကိုတိုးတက်စေရန် အသိပညာများကိုသုံးသရွေ့ ၎င်းတို့အားစာချုပ်ချုပ်ဆိုရန်မှာခက်ခဲလိမ့်မည်မဟုတ်ေ ေ၊

ထိုနည်းလမ်းသည်မိသားစုတိုင်း၏လျို့ဝှက်ချက်ဖြစ်နိုင်ပြီး မျိုးဆက်တစ်ခုပြီးတစ်ခု ဖြတ်သွားမည်ဖြစ်သည်၊

“အိုး၊ ငါ့ရဲ့စီးစရာရောက်ပြီ၊ ငါအရင်ပြန်ပြီဟေ့, တခ့တာ” မုထျယ်ရင်းကပြောလိုက် သည်၊ သူမကကောင်းဖန်ကိုလက်ယမ်းပြလိုက်ပြီးလမ်းကိုဖြတ်ကူးသွားသည်၊

ရှစ်ဘီးကားကြီးသည်ထိုနေရာတွင်ပါကင်ထိုးထားသည်၊

စာစဉ် ၈

ကောင်းဖန်သည်အနည်းငယ်မနာလိုဖြစ်သွားတော့သည်။ သူမကတကယ်ကို သူဌေး လက်သစ်ဘဲ။ သူမကဒေါ်လာသန်းပေါင်းများစွာတန်ဖိုးရှိသောဇိမ်ခံကား တစ်စီး၏ ခေါ်ဆောင်ခြင်းကိုခံရသည်။

ကားကြီး၏နောက်ခန်းသည် တစ်ဖြည်းဖြည်းချင်းပွင့်လာပြီးကားအတွင်းမှလေးလံပြီးလှေကားနှင့်တူသောသံမဏိပြားတစ်ခုပြုတ်ကျလာသည်။ ကြာစေ့လေးက သံမဏိ လှေကားပေါ်သို့တက်သွားပြီးဒဏ်ရာရနေသောလင်းနို့ကိုကျောပေါ်သို့တင်ကာ ကားကြီးနောက်ခန်းထဲသို့လျှောက်ဝင်သွားတော့သည်။

ပြိုင်ကားများနှင့်ဆလွန်းကားများသည်အလွန်သေးသောကြောင့် ကမ္ဘာသစ်တွင်

## စာစဉ် ၈

ဇိမ်ခံကားများသည်အလွန်နာမည်ကြီးလာခဲ့သည်။

လူသားတွေကထိုထဲတွင်ထိုင်ကြ

ပေမယ့်သားရဲတွေအတွက်ကအခန်းမလောက်ပေ။

သားရဲများသည်ကမ္ဘာအသစ်တွင်

မရှိမဖြစ်လိုအပ်သောအရာများဖြစ်လာခဲ့သည်။

ထို့ကြောင့်ကမ္ဘာ့ထိပ်တန်းဇိမ်ခံကား

ဘရန်းများကလှပပြီးလက်တွေ့ဆန်သော

ဇိမ်ခံထရပ်ကားအသစ်များကို မိတ်ဆက်ပေးခဲ့သည်။

***

စာစဉ် ၈

# *အပိုင်း ၁၁၄ ညရိပ်ကြောင်*

ကောင်းဖန် ဒမ်ဘီကိုခေါ်ကာ အိမ်သို့ပြန်လာစဉ် ဦးလေးလျိုနှင့်တွေ့ဆုံခဲ့သည်။ ဦးလေးလျိုက အနက်ရောင်ကြောင်တစ်ကောင်နှင့် လမ်းလျှောက်ထွက်နေခြင်းပင်။ ၎င်းကြောင်သည် ၇ပေလောက်ရှည်ကာ သုံးပေလောကမြင့်ပြီး ကျားသစ်နက်တစ်ကောင်လိုပင် ထင်ရကာ အစိမ်းရောင်မျက်လုံးများက ကြွင်လင်ကာ အေးစိမ့်သည့်အငွေ့အသက်ကို ပေးစွမ်းသည်။

“ဟဲလို၊ ဦးလေးလျို၊ ကြောင်ကို လမ်းလျှောက်ခေါ်သွားပေးနေတာလား?” ကောင်းဖန်ပြောလိုက်သည်။ ယနေ့ ကောင်းဖန်

စာစဉ် ၈

မဟာမိတ်ခရက်ဒစ်၅၀ဂရရှိခဲ့သည်။ ၎င်းကို မဟာမိတ်ဒေါ်လာအဖြစ်ပြောင်းလိုက်လျှင် ၅သန်းတောင်ဖြစ်သွားမည်။ ဒါကြောင့် ကောင်းကင်ဘုံမှ သူ့အတွက် ငွေလွယ်ပေါက်ကြီးဖွင့်ပေးလိုက်သလိုမျိုး ကောင်းဖန် အလွန်ပျော်ရွှင်လို့နေသည်။ ခေါင်းဆောင်နည်းပြချန်းက တကယ့်ကိုလူကောင်းတစ်ယောက်ပဲ။

"ဒီလိုပါပဲ၊ ထမင်းစားပြီး လေ့ကျင့်ခန်းလုပ်ဖို့ ထွက်လာတာ။" ဦးလေးလျိုက ပြောလိုက်သည်။ သူက ကြောင်နှင့်အတူလျှောက်နေတာကြောင့် အလယ်အလတ်အမြန်နှုန်းနှင့်လျှောက်နေပေမည့် အရမ်းအရှိန်မပြင်းပေ။

စာစဉ် ၈

ကောင်းဖန်

ကြောင်ကိုတစ်ချက်လှမ်းကြည့်လိုက်သည်။

ထိုကြောင်ကို သာမာန်ကြောင်ဟုသာ

တွေးထားသော်လည်း

ကြောင်၏အချက်အလက်ဇယားကိုမြင်လိုက်ရချိန်မှာေ

ော့ ထိတ်လန့်အံ့အားသင့်သွားတော့သည်။

[မကောင်းဆိုးဝါး အမည်] : ညရိပ်ကြောင်

[မကောင်းဆိုးဝါး အဆင့်] : အဆင့် ၃၆ (အုပ်ချုပ်သူ)

[မကောင်းဆိုးဝါး အဆင့်အတန်း] : ပြီးပြည့်စုံအဆင့်

[မကောင်းဆိုးဝါး စွမ်းရည်] :

အရိပ်စွမ်းအားအဆင့်၂

စာစဉ် ၈

[မကောင်းဆိုးဝါး အားနည်းချက်] : ၁၊ အဖြူရောင်ဂေါ်ဖီထုပ်ရွက်ကို အသုံးပြု၍မရ၊ ၎င်း၏ခြေလက်များ ဟန်ချက်မညီတော့ဘဲ ဖော်ပြ၍မရသော အရာတစ်ခုအဖြစ်သို့ ပြောင်းလဲသွားပေလိမ့်မည်။

"ဖော်ပြ၍မရသောအရာ"ဆိုတာက ဘာကြီးတုန်း? ကောင်းဖန် သိချင်စိတ်ဖြစ်လာတော့သည်။

"ဦးလေးရဲ့ကြောင်က တော်တော်ကြည့်ကောင်းတာပဲ။" ကောင်းဖန် ကြောင်ကို သေချာစိုက်ကြည့်ရင်းပြောလိုက်သည်။

သူ့ကိုယ်ပိုင်သားရဲတွေကို ဒီအဆင့်မျိုးရောက်အောင် အချိန်ဘယ်လောက်တောင် ယူရမလဲ? အုပ်ချုပ်သူအဆင့်သားရဲတွေသည် အဆင့်၂၁မှ

အဆင့်၄ဂ ကြားတွင်ရှိကြသည်။ ထို့ကြောင့် အုပ်ချုပ်သူအဆင့်ရှိသည့် ကိုယ်ပိုင်သားရဲများကြားတွင် အဆင့်နှင့် ခွန်အားသည် ကွာခြားချက်အလွန်ကြီးမားသည်။

အဆင့်၃၆ကို အုပ်ချုပ်သူအဆင့်၏အမြင့်ဆုံးအဆင့်ထဲတွင်ပါသည်ဟု သတ်မှတ်၍ရသည်။

“သာမာန်ကြောင်လေးပါပဲ။ ငါသူနဲ့စာချုပ်ချုပ်တုန်းကဆို ညစ်ညစ်ပတ်ပတ်လေး။ သူ့အမွေးတွေကလဲ ဒီလောက်မရှည်သေးဘူး။ နှာခေါင်းကနေလဲ အစိမ်းရောင်အချွဲတွေ ထွက်နေတာ။” ဦးလေးလျိုက ရယ်မောကာ ပြန်ပြောပြသည်။

စာစဉ် ၈

ညရိပ်ကြောင်က ရုတ်တရက်ဆိုလို လမ်းလျှောက်ခြင်းကို ရပ်တန့်လိုက်သည်။

ဦးလေးလျိုက အမိန့်ပေးနေသော်လည်း ၎င်းက မနာခံပေ။ ၎င်းက ထိုနေရာတွင်ပဲ ရပ်နေကာ ဦးလေးလျိုကို ဒေါသထွက်နေဟန်အရိပ်အယောင်များရှိနေသည့် မျက်လုံးများဖြင့်သာ စိုက်ကြည့်နေခဲ့သည်။

ဦးလေးလျိုအတန်ကြာသည်အထိ အရယ်မရပ်နိုင်ခဲ့ပေ။ ထို့နောက် မြန်မြန်လေးအော်ပြောလိုက်သည်။ “ငါတို့စာချုပ်,ချုပ်တုန်းကနဲ့စာရင် သူကအရမ်းကိုထွားလာပြီ!”

ဒါအရေးကြီးလို့လား? ကုနင်း သူ့မကျေမနပ်စကားကို ထုတ်ဖော်ပြဖို့ရာအထိ အင်အားမရှိပေ။

သေချာတာကတော့ ညရိပ်ကြောင်က ပိုလို့တောင်မှ ဒေါသထွက်လာခဲ့သည်။

၎င်းက တသျှောင်သျှောင်အောင်ရင်း တစ်ဖက်လှည့်ထွက်သွားကာ ခြံဝန်းထဲ၌စိုက်ထားသည့် သစ်ပင်များ၏အရိပ်ထဲသို့ ခပ်ဖော့ဖော့လှမ်းဝင်ပျောက်ကွယ်သွားခဲ့သည်။

“ဟမ်၊ ဒီကြောင်က တော်တော်သဘောထားကြီးတာပဲ။” ကောင်းဖန် ဘာပြောလို့ပြောရမှန်းပင်မသိတော့ပေ။

စာစဉ် ၈

“ဖြစ်ချင်တော့ ဆော့ဖ်တီက အရမ်းသန်မာပြီး မှောင်ရိပ်ထဲမှာ ကောင်းကောင်းပုန်းနိုင်တယ်လေ။ ဒါက အရမ်းကောင်းပါတယ်။ နည်းနည်းလေး ဒေါသကြီးနေတာကပဲ ချို့ယွင်းချက်လေးဖြစ်နေတာ။” ဦးလေးလျိုက ပုံမှန်ပဲပြန်ပြောလိုက်သည်။ ဒီလိုပုံက သူ့အတွက်တော့ အလေ့အကျင့်ဖြစ်လို့နေပေပြီ။

ကြောင်တွေကို စောင့်ရှောက်ရတာခက်ခဲတယ်လို့ လူတွေပြောကြသည်။ ဦးလေးလျိုက အရင်တော့ ထိုစကားကိုမယုံခဲ့သော်လည်း အခုတော့ ယုံသွားပေပြီ။

“ဒီကြောင်ရဲ့နာမည်က ဆော့ဖ်တီလား?” ကောင်းဖန် အံ့အားသင့်သွားသည်။ ဒီနာမည်က ကြောင်ရဲ့ဒေါသနဲ့ အရမ်းကိုမလိုက်ဖက်ဘူးမဟုတ်လား။

“သူငယ်တုန်းက ဒေါသနည်းနည်းထွက်တတ်တယ်လေ၊ ဒါကြောင့် သူ့ကိုနူးညံ့လာစေဖို့ဆိုပြီး ဒီနာမည်ကိုပေးခဲ့တာ။” ဦးလေးလျိုက ရှင်းပြလိုက်သည်။

ကောင်းဖန် ဆွံ့အလို့သွားတော့သည်။ ထို့နောက် သူ့လက်ကိုဖေ့ယမ်းပြလိုက်ကာ၊ “ဦးလေးလျို၊ လမ်းဆက်လျှောက်ဦးပေါ့ ကျွန်တော်အရင်အိမ်ပြန်နှင့်တော့မယ်။”

“အိုး၊ ဟုတ်တာပေါ့။ ခဏလေးနေဦး။” ဦးလေးလျိုက ကောင်းဖန်ကို လှမ်းအော်လိုက်သည်။ “မင်းဘာလို့ မြို့ဆင်ခြေဖုံးကဝယ်ထားတဲ့ဗီလာမှာ သွားမနေတာလဲ? မင်းအဲ့မှာနေချင်လို့ ဝယ်ထားတာမဟုတ်ဘူးလား?”

စာစဉ် ၈

ကောင်းဖန် အံ့ဩသွားတော့သည်။ “ဦးလေးဘယ်လိုလုပ်သိတာလဲ?” သို့သော်လည်း မကြာခင်မှာပဲ ဦးလေးလျိုဘယ်သူမှန်း ပြန်အမှတ်ရသွားသည်။ သူ့အနေနဲ့ ဗီလာအကြောင်းသိနေတာ မဆန်းပေ။ သူ့မှာသာ သူ့ကိုကူညီနိုင်မည့် အင်အားကြီးသည့်တစ်စုံတစ်ယောက်ရှိလျှင် သူလဲ သေချာပေါက်အသုံးချမှာပင်။

ကောင်းဖန်ကပူဆွေးစွာနဲ့ပြောလိုက်သည်, “ဦးလေးလျို, ဒါကကျွန်တော်အဲ့မှာမနေချင်တာမဟုတ်ဘူး, ကျွန်တော်မနေရဲတာ၊ ကျွန်တော့်ကိုရှာနေတဲ့သူတွေရှိတယ်လို့ ကျွန်တော်သံသယဖြစ်နေတယ်…”

စာစဉ် ၈

ဦးလေးလျိုကအံ့သြသွားသည်၊

“ဘာတွေဖြစ်ခဲ့တာလဲ?”

သူ့အသံအနေအထားကရုတ်တရက်အရမ်းအလေးအနက်ဖြစ် လာသည်။

ထို့နောက်ကောင်းဖန်ကထိုနေ့ကဖြစ်ခဲ့တဲ့ကိစ္စတွေကိုပြောပြလိုက်သည်၊

ကောင်းဖန်ပြောတာကိုနားထောင်ပြီးနောက်, ဦးလေးလျိုရဲ့မျက်နှာကပို၍ပျက်လာ သည်၊ သူနောက်ဆုံးကောင်းဖန်စိုးရိမ်နေတာကိုနားလည်သွားေ ေ့သည်၊ ဒီကလေးက သူ့ကိုယ်သူလုံခြုံရတဲ့အနေအထားနဲ့ပစ်ထုတ်လိုက်တာဘဲ၊ သူလည်းဘာမှမစဉ်းစားမိ တော့ဘူး။

စာစဉ် ၈

ဒါကသူကောင်းဖန်ကြောက်နေတာကိုပထမဆုံးတွေ့ဖူးတာဘဲ၊ ဒါကသူ့ကိုစိတ်ဝင်စားစေတယ်။ “မင်းဒီလောက်ထိသတိရှိနေမယ်လို့ငါမျှော်လင့်မထားဘူး” သူကပြောလိုက်ကာ, ကောင်းဖန်ကအသံကျယ်ကျယ်ပြောလိုက်သောကြောင့် ထိတ်လန့်သွားတော့သည်။

ကောင်းဖန်ကငြင်းဆန်ဖို့ကြိုးစားနေသည်။ “ဒါကအဲ့လောက်တော့လည်းမကြောက်ပါ ဘူး, ဒါကသာမန်ပါဘဲ!”

ဦးလေးလျိုကကျယ်လောင်စွာရယ်လိုက်ပြီးကောင်းဖန်၏ပုခုံးကိုပုတ်လိုက်သည်။ “ကြောက်ရွံ့တာနဲ့ပတ်သတ်ပြီးရိုးသားတာနေတာက ကြောက်ရွံ့နေဆဲဘဲတဲ့,ဒါပေမယ့်

ဒါကအတော်လေးတော့ကောင်းပါတယ်၊ ဘ၀ဆိုတာကဘယ်သူအသက်အရှည်ဆုံး နေရမလဲဆိုတာဘဲ။”

ကောင်းဖန်၏ရိုးသားနေမှုသည် ဦးလေးလျိုကိုကစားစရာကဲ့သို့စနောက်ရန် ဆွဲဆောင်နေသည်။

ဦးလေးလျိုကမပြုံးတော့ဘဲ တည်ငြိမ်စွာနှင့်, “ငါအခုဒါကိုစဉ်းစားပြီးပြီ, မင်းအတော် လေးဒုက္ခရောက်နေပုံဘဲ။”

ကောင်းဖန်ကသိပ်ပြီးမသေချာပေ၊ တစ်ယောက်ယောက်ကသူ့ရဲ့ဉာဏ်ကောင်းမှုနဲ့ အရည်အချင်းတွေကိုသတိထားမိသွားလို့အသုံးချချင်တာ လား?

စာစဉ် ၈

“မင်းဂရုစိုက်ဖို့လိုတယ်။”

ဦးလေးလျိုကကျယ်လောင်စွာပြောလိုက်သည်၊ “ စိတ်ချလက်ချနေလိုက်,

ဒီကိစ္စမင်းကိုကူညီပြီးအဆုံးသတ်ကိုရက်အနည်းငယ်အတွင်းမင်းကို ပြောမယ်။”

ကောင်းဖန်ကခေါင်းညိတ်လိုက်သည်။

အမှန်က,

ပုဂ္ဂိုလ်ရေးအခြေအနေအချက်အလက်တွေပေါ်မူတည်ပြီး ဦးလေးလျိုက

ကောင်းဖန်ရဲ့စူးရှတဲ့မျက်လုံးတွေကိုလှည့်စားဖို့နည်းလမ်းမရှိခဲ့ပေ။ သူ၏

“တိတ်ဆိတ်စွာပျော်ရွှင်”နေသောအခြေအနေကအရမ်းသိသာနေသည်၊ ထို့နောက်,

ဦးလေးလျို၏အပြုံးနှင့်အရေးကြောင်းများကပြနေသည် ... ဦးလေးလျိုက လိမ်ညာပြောနေတာမဟုတ်ပေ။

ကောင်းဖန်ကဦးလေးလျို၏နောက်ကျောကိုကြည့်လိုက်တော့ ဘာမှမမြင်တော့ပေ၊ နောက်ဆုံးတော့, သူကအထီးကျန်နေတဲ့လူကြီးတစ်ယောက်ဘဲဖြစ်သည်။

သူအိမ်သို့ရောက်တော့, ကောင်းဖန်ကဦးလေးလျို၏တုံ့ပြန်မှုကိုအခြေခံပြီးသူဘာအမှားလုပ်ခဲ့သည်ကိုနားလည်နိုင်သော်လည်းဎင်းသည်ပြဿနာကြီးကြီးမားမားမဟုတ် ပေ၊ မည်သို့ပင်ဖြစ်စေဗီလာသို့သွားရန်ကအရမ်းနောက်ကျနေပြီဖြစ်သည်၊ အကယ်၍ သူဗီလာမှာနေချင်ရင်,ထိုမြို့စွန်သို့ပို့ဆောင်ရေးသည်အလွန်ဒုက္ခရောက်သောကြောင့်ကားတစ်စီးဝယ်ရန်ပင်လိုအပ်သည်။

စာစဉ် ၈

ကောင်းဖန်သည်ကားတစ်စီးဝယ်ရန်စဉ်းစားထားပြီး သားဖြစ်သည်။ ၎င်းသည်ရှည်လျားပြီးလေးလံသော သယ်ယူပို့ဆောင်ရေးထရပ်ကားကြီးဖြစ်ပြီး သူလိုချင်သောကားတစ်စီးဖြစ်သည်။ အနက်ရောင်သံနဂါးစီးရီးသုံး၊ ဒါကအကောင်းဆုံးထဲကတစ်ခုဘဲဖြစ်သည်။

ထိုကားတွင်စုစုပေါင်းဘီးဆယ့်ခြောက်လုံးရှိသည်။ ကြီးသောဘီးများသည်ဖြုတ်နိုင်ပြီး သိုလှောင်တဲ့နေရာလည်းများသည်။ သိုလှောင်ရန်နေရာဝန်းကျင်တွင်အားဖြည့်ကာရံ ထားသောအလွှာနှစ်ခုရှိသည်။ ၎င်းတွင်အခြေခံအရောင်အဖြစ်အကြည်ရောင်ပါဝင်ပြီး ခဲရောင်နှင့်အနက်ရောင်အစင်း,

စာစဉ် ၈

အဝါရောင်အစင်းတို့ကအခြားတစ်ဖက်တွင်ပါဝင်သည်။ ရိုးစင်းသောပုံစံကသန်မာပြီးအထက်စီးဆန်ကာပုံစံကကြီ းမားသောစတီးသားရဲကြီး ကဲ့သို့ပင်ဖြစ်သည်၊ ဤအချိန်များသည်စစ်ပွဲများဖြစ်လေ့ရှိသောကြောင့်လူတို့၏

သဘာဝအရယောကျ်ားဆန်သောဒီဇိုင်းများဘက်ကိုသာ ဦးတည်ကြသည်။

ထိုကား၏ယာဉ်မောင်းနေရာသည်အလွန်ကြီးမားသ ည်။ ပုံမှန်အော့ဖ်ရုတ်ကားထက်အနည်းငယ်ပိုကြီးပြီး ကားအတွင်းပိုင်းကပိုပြီးဇိမ်ကျသည်။

ထို့ကြောင့်ရင်းသည်

မဟာမိတ်ဒေါ်လာခြောက်သန်းရှိပြီးအလွန်စျေးကြီးသည် ။

စာစဉ် ၈

ဒါပေမယ့်သူကဒီထရပ်ကားကိုဝယ်ပြီးနောက်သူ့သာ
းရဲတွေအားလုံးကို ကားထဲတွင် ထည့်ထားနိုင်သည်။

ကောင်းဖန်

ကားကုမ္ပဏီ၏တရားဝင်ဝက်ဘ်ဆိုက်ကိုသွားကာချက်ချ
င်းမှာယူလိုက်သည်။ လုပ်ငန်းစဉ်ကတော့
အလွန်ကွာခြားသည်။

ကပ်ဆိုးကြီးအန္တရာယ်ကျပြီးနောက်ယာဉ်မောင်းလိုင်
စင်စမ်းသပ်မှုအတွက် အသက်အနိမ့်ဆုံးတွင်
တစ်ဦးသည်ဆယ့်ခြောက်နှစ်အတွင်းစာမေးပွဲဖြေနိုင်သ
ည်။
ကောင်းဖန်သည်လွန်ခဲ့သောနှစ်နှစ်ကယာဉ်မောင်းလိုင်စ
င်စာမေးပွဲကိုဖြေခဲ့ဖူးသော် လည်းကားမရှိပေ။
ဒါပေမယ့်သူကကြီးမားတဲ့ထရပ်ကားကြီးကိုမြို့ထဲသို့မေ

စာစဉ် ၈

ာင်းချင်လျှင် အထူးခွင့်ပြုချက်လိုအပ်သည်။ ဆင်ခြေဖုံးရပ်ကွက်များသည်လူနေကျဲပါးပြီးလမ်းများကကျယ်ဝန်းသဖြင့်ငင်းကိုဆင်ခြေဖုံးဘက်တွင်သာမောင်းနိုင်သည်။

***

# *အပိုင်း ၁၁၅ ကောလိပ်ဝင်ခွင့်စာမေးပွဲ*

ကားများရောင်းချသည့် ကုမ္ပဏီသည် ချန်အန်းအပါအဝင် အဓိကမြို့ကြီးများတွင် ရုံးခွဲများရှိသည်။ နောက်တစ်နေ့မှာပဲ ကောင်းဖန် သူ့ကားကို လာယူလို့ရပြီဖြစ်ကြောင်း ပြောထားသည့် စာတစ်စောင့်လက်ခံရရှိလိုက်သည်။

ကောင်းဖန် ထိုညအိမ်ပြန်ရောက်ချိန်မှာပဲ သူ့ပစ္စည်းတွေကို ထုတ်ပိုးထားခဲ့သည်။ လက်ရှိနေရာသည် သူနှင့်ရင်းနှီးနေသည့်ပတ်ဝန်းကျင်ဖြစ်ကာ သူနှင့်ရင်းနှီးပြီးသားအိမ်ဖြစ်လျှင်တောင်မှ ဘယ်ကနေ ဘယ်လိုစသိမ်းလို့သိမ်းရမှန်းမသိပေ။

စာစဉ် ၈

သူ့မိဘများဆုံးပါးသွားကတည်းက အိမ်ရှိပစ္စည်းများကို သူတစ်ခါမှမရွှေ့ခဲ့ဖူးပေ။

သူက သူ့မိဘများ အိမ်မှာ သူနှင့်အတူရှိနေသလိုမျိုးဖြစ်စေရန် ရင်းနှီးမှုရှိပြီးသား အိမ်အပြင်အဆင်မျိုးအတိုင်းသာ ထားရှိခဲ့သည်.... သူ့ကိုယ်သူလိမ်ညာနေခြင်းသာဖြစ်မှန်း သိနေပေမည့် ဆက်လက်လိမ်ညာနေမိစဲပင်။

သူ့မိဘများ၏အိပ်ခန်းသို့ရောက်သွားချိန်မှာတော့ အထဲတွင် ဖုန်နံ့များဖြင့်သာပြည့်နေသည်။ ခန်းစည်းများကိုလဲ ပိတ်ထားတာကြောင့် တစ်ခန်းလုံးက မှောင်မဲလို့နေသည်။

"အမေ၊ အဖေ၊ ကျွန်တော် ပြောင်းတော့မယ်။ အဖေတို့ပြောခဲ့သလိုပဲ

စာစဉ် ၈

ကလေးတစ်ယောက်အရွယ်ရောက်လာရင် ထွက်သွားလိမ့်မယ်ဆိုတာလေ။ ကျွန်တော် အခုအရွယ်ရောက်သွားပြီထင်တယ်။” အခုထိ သူက ဆယ်ကျော်သက်ကောင်လေးဖြစ်နေသေးသော်လည်း သူ့ပုခုံးများကတော့ ယခင်လိုပိန်ပါးမနေတော့ပေ။

“ကျွန်တော် ဗီလာအကြီးကြီးတစ်ခုကိုပြောင်းမှာ။ ကိုယ့်ဘာသာဝယ်ထားတာလေ။ ဒီကမ္ဘာကြီးပေါ်မှာ ကျွန်တော်တစ်ယောက်တည်း နေနိုင်တာမို့ အဖေတို့အမေတို့ စိုးရိမ်ဖို့မလိုတော့ပါဘူး။ အဖိုးက ပြဿတစ်ချို့နဲ့ရင်ဆိုင်နေရပုံရတယ်၊ ဒါကြောင့် ကျွန်တော် ကောလိပ်ဝင်ခွင့်ဖြေပြီးတာနဲ့ အဖိုးကိုသွားကူညီပေးမလို့။ ဘာပဲဖြစ်ဖြစ် သူက ကျွန်တော့်ရဲ့တစ်ဦးတည်းသော ဆွေမျိုးပဲလေ....”

စာစဉ် ၈

ကောင်းဖန်၏အသံက ပြောရင်း ပိုပိုတိုးလာခဲ့သည်။ အဆုံးမှာတော့ သူ့ရင်ထဲမွန်းကျပ်ဆို့နင့်လာတော့သည်။

အချိန်အတော်ကြာ တိတ်ဆိတ်နေပြီးနောက် တံခါးကဖြည်းဖြည်းချင်းပြန်ပိတ်သွားတော့သည်။

……

နောက်တစ်နေ့မှာတော့ ကောင်းဖန် ဗီလာကိုပြောင်းခဲ့သည်။ သူ့အိမ်ဟောင်းကိုတော့ မရောင်းခဲ့ပေ။ ပြောရရင် ဘယ်လိုရောင်းထုတ်ရမှန်းလဲ ကောင်းဖန်မသိပေ။

သူ့အိမ်တစ်ဖက်ခြမ်းရှိ မြေကွက်ပေါ်တွင် အလုပ်သမားများဆောက်နေစဲ တစ်စုံတစ်ခုရှိနေသည်။ အခုက ညဆယ်နာရီပင်ထိုးပြီးပြီဖြစ်တာကြောင့်

သူ့သိချင်စိတ်ကလဲ အမြင့်ဆုံးအခြေအနေတွင် ရှိလို့နေသည်။

ဆောက်လုပ်ရေးအဖွဲ့တွင် တကယ်ကို ထူးဆန်းသည့်လူတစ်ယောက်ရှိနေခဲ့သည်။

သူက ရှေးခတ်ဝတ်စုံကိုဝတ်ဆင်ထားကာ ဖြောင့်စင်းသည့်ငွေဖြူရောင်ဆံပင်များလဲ ရှိသည်။ ထိုလူ၏နောက်ကျောက ဖြောင့်မတ်နေတာကြောင့် အားအင်အလွန်ပြည့်ဝနေသလိုပုံပေါက်စေသည်။ သူက အလုပ်သမားများ၏တိုးတက်မှုကို ကြီးကြပ်ပေးနေပုံရသည်။

သူလဲ ကောင်းဖန်၏အကြည့်ကို အာရုံခံမိပုံရကာ ကောင်းဖန်ဘက်သို့လှည့်လာပြီး ပြုံးပြလေသည်။

စာစဉ် ၈

ဦးလေးလျှိုပဲ!

ကောင်းဖန် အံ့ဩသွားတော့သည်။

"ဟေ့ ရှောင်ဖန်၊ မင်းဘာလို့ ဒီကိုရောက်နေတာလဲ?" ဦးလေးလျှိုသည်လဲ အလွန်အံ့အားသင့်နေသည့်အမူအရာမျိုးဖြစ်နေသည်။

ကောင်းဖန်ကတော့ တိတ်ဆိတ်နေခဲ့သည်။ ဦးလေးလျှို၏ တစ်ကြိမ်ပြီးတစ်ကြိမ် အချိန်ကိုက်ထွက်ပေါ်လာမှုအား သူပြန်လည်မတုံ့ပြန်နိုင်ခဲ့ပေ။ သူငယ်ငယ်က သရုပ်ဆောင်ဖြစ်ဖို့များ စိတ်ကူးယဉ်ခဲ့ဖူးတာလား။

နောက်ဆုံးမှာတော့ ဦးလေးလျှို သူ့ဗီလာဘေးကပ်ရပ်တွင်

စာစဉ် ၈

ဗီလာတစ်လုံးဆောက်နေသည့် အမှန်တရားကို ကောင်းဖန် လက်ခံလိုက်ရတော့သည်။ ဘာပဲဖြစ်ဖြစ် ဦးလေးလျို၏ကြောက်နက် ဆော့ဖ်တီလေးကို တွေ့ကတည်းက ဦးလေးလျိုသည် နိမ့်ချကာနေသည့်ဆရာကြီးတစ်ယောက်ဖြစ်ကြောင်း သူလက်ခံထားပြီးပြီဖြစ်သည်။ သူ့လိုလူအတွက် ဦးလေးလျိုနားမှာနေတာက လုံခြုံမှုကိုပေးစွမ်းနိုင်သည်။

နောက်ရက်အနည်းငယ်အတွင်း ကောင်းဖန် သူ့ထရက်ကားကြီးကိုမောင်းကာ အတန်းသွားတက်ခဲ့သည်။

ကျောင်း၏တည်နေရာသည် မြို့ဆင်ခြေဖုံးနှင့် နယ်နိမိတ်ချင်းထိစပ်လို့နေသည်။ အနီးနားတွင် ကျယ်ဝန်းသည့်ကားပါကင်ကြီးတစ်ခုလဲရှိသည်။

ကောင်းဖန်၏ထရက်ကားကို အမြဲထိုနေရာတွင် ရပ်ခဲ့သည်။

မီတာ၂၀ရှည်သည့်ထရက်ကားကြီးက ကားပါကင်တွင် ဧရာမကားကြီးတစ်စီးနှင့်တူလှသည်။ ၎င်းတစ်စီးတည်းကပင် နှစ်နေရာစာလောက်ယူတာကြောင့် အလွန်အမင်းမျက်စိဖမ်းစားလှသည်။ မုထျယ်ယင်းတောင်မှ ကောင်းဖန်က ဒီလိုကားအကြီးကြီးမျိုးမောင်းနိုင်တာကြောင့် ကောင်းမောင်းစွမ်းရည်အလွန်မြင့်မားသည့် အတွေ့အကြုံရှိကားမောင်းသမားဟုပင် စနောက်နေသေးသည်။

စာစဉ် ၈

ကောင်းဖန်ကို စိတ်မပျော်ရွှင်စေသည့်တစ်ခုတည်းသောအရာကတော့ တာ့ဇီနှင့်ဒမ်ဘီ နှစ်ကောင်လုံး အဆင့်၂၇ရောက်နေတာပင်။ ၎င်းက ထိပ်တန်းအဆင့်သားရဲတစ်ကောင် အမြင့်ဆုံးရောက်နိုင်သည့်အဆင့်ဖြစ်သည်။ သူတို့က အုပ်ချုပ်သူအဆင့်ကို ချိုးဖောက်ဝင်ရောက်နိုင်ခြင်းမရှိရုံသာဖြစ်သည်။

တာ့ဇီရော ဒမ်ဘီအတွက်ပါ အဆင့်တက်ဖို့ လိုအပ်သည့်ပစ္စည်းများ ရှာတွေ့ထားပြီဖြစ်သော်လည်း သူတို့အတွက် ကံကောင်းမှုပမာဏလိုအပ်နေခြင်းဖြစ်သည်။ ၎င်းက

စာစဉ် ၈

အချိန်ယူဖို့ ဒါမှမဟုတ် အဆင့်တက်ဖို့

ထူးခြားဖြစ်စဉ်တစ်ခုရှိဖို့ လိုနေသည်။

အစင်းလေးသည်လဲ အဆင့်၁၈သို့ရောက်နေပေပြီ။

အစင်းလေးကို သူပြီးပြည်စုံအဆင့်သို့

မြှင့်ပေးလိုက်ကတည်းက

အစင်းလေး၏အပြင်ဘက်အသွင်အပြင်မှာ

အလွန်ပြောင်းလဲသွားကြောင်း

ကောင်းဖန်တွေ့ခဲ့ရသည်။

အနက်ရောင်ကျောခွံကြီးမှာ

ချပ်ဝတ်တန်ဆာကြီးနှင့်တူကာ အဆစ်များတွင်

အေးစက်သည့်အငွေ့အသက်များထုတ်လွှတ်နေသည့်

ချိတ်ကောက်များရှိနေသည်။

မညီမညာနံရိုးအလွှာများလဲ ရောယှက်နေသေးသည်။

ထို့အပြင် မျက်ခွံများကိုဖုံးအုပ်ထားသည့် အလွှာပါးလေးတစ်ခုကလဲ မျက်လုံးများမှာ ရှိနေသေးသည်။

ငင်းက မှုရင်းမီးခိုးရောင်ထက် ရိုးရိုးရှင်းရှင်းနှင့် ပို၍ကြည့်လို့ကောင်းလာသည်။

“ကောင်းဖန်, ပုံမှန်ကောလိပ်ဝင်ခွင့်စာမေးပွဲရလဒ်တွေထွက်ပြီ။ မင်းဘယ်နှ မှတ်ရလဲ?” ထန်ချင်ကျင်းကနေ့လည်ခင်းလေ့ကျင့်ရေးချိန်တွင်မေး လိုက်သည်။

ကောင်းဖန်ကခေါင်းခါလိုက်သည်၊ “ငါစစ်ကြည့်ဖို့အချိန်မရှိဘူး”

စာစဉ် ၈

“ရလဒ်တွေကမနေ့ညကထွက်လာတာလေ။” ထန်ချင်ကျင်းကအံ့ဩကာပြောလိုက်သည်၊

“အာ–ဟမ်၊ ငါနောက်ကျမှသွားပြီးစစ်ကြည့်လိုက်မယ်။” ကောင်းဖန်ကပြန်ပြောလိုက် သည်။

“ငါ့ကိုမင်းရဲ့စာမေးပွဲနံပါတ်ကိုပြောလိုက်,ငါမင်းကို ကူပြီးစစ်ကြည့်ပေးမယ်။” ထန်ချင်ကျင်းကအရမ်းကိုစိတ်အားထက်သန်နေသည်၊ သူကဒီလိုကိစ္စတွေကိုအမြဲ စိတ်ဝင်စားသည်။

ကောင်းဖန်ကသူ့စာမေးပွဲနံပါတ်ကိုပြောပြလိုက်သည်။ ထန်ချင်ကျင်းကသူ့အားကြည့်ကာသူကရုတ်တရက်အထိတ်တလန့်အော်လိုက်သည်၊ “ဘုရားရေ!”

“ဘာဖြစ်လို့လဲ?” ကောင်းဖန်ကအံ့ဩသွားသည်၊

“ဖ၇၄, မင်းကလူမဟုတ်ဘူးဘဲ!” ထန်ချင်ကျင်းကငိုချင်သော်လည်းမျက်ရည်က မထွက်ဘဲဖြစ်နေသည်။ “မင်းတရုတ်ပြည်ရှိကျောင်းအများစုမှာတောင် လျှောက်နိုင်တာပဲ။”

“အဟမ်း, ဒါကသာမန်လောက်ပဲလို့ထင်တယ်။” ကောင်းဖန်ကပြောလိုက်သည်၊ သူက နည်းနည်းစိတ်ပျက်သွားသည်။ သူရမယ်လို့တွေးထားတာထက်၁ဂမှတ်လျော့နေသည်။ နောက်ဆုံးတော့, သူကနတ်ဘုရားမဟုတ်ခဲ့ပါ။ သူကလေ့ကျင့်ရေးတွေနဲ့ သူ့သားရဲတွေ အတွက်အလုပ်များနေတဲ့အချက်တွေကိုထည့်ကြည့်လို

စာစဉ် ၈

က်လျှင်သူအဆင့်တွေကျသွား တာပုံမှန်ပါဘဲ၊ သူကပြီးခဲ့တဲ့နှစ်ကစာတမ်းအချို့ကိုလျှို့ဝှက်လုပ်ခဲ့ပြီး ထိုစာမေးပွဲရလဒ် များသည်အမှန်တကယ်စာမေးပွဲထက်ရမှတ်၁၀မှတ်ပိုရ သည်။

အရာအားလုံးမှာလည်းတန်ဖိုးဆိုတာရှိတာဘဲ။ အကယ်၍မင်းကတစ်ခုကိုလိုချင်တယ်ဆိုရင် မင်းကတစ်စုံတစ်ခုကိုပေးဆပ်ရလိမ့်မယ်။

ထန်ချင်ကျင်းက ကောင်းဖန်သည်ဘဝင်ခိုက်နေသည်ဟုတွေးလိုက်သည်၊ သူက ကောင်းဖန်ရဲ့ခေါင်းကိုခတ်ဆားရည်ဘူးနဲ့ကောက်ပေါ က်ပစ်လိုက်ချင်သည်၊

စာစဉ် ၈

သူကောင်းဖန်ရဲ့အမှတ်တွေလိုမျိုးရချင်တယ်။

…

ဤတင်းမာသောအခြေအနေတွင် သားရဲလေ့ကျင့်သူကောလိပ်ဝင့်ခွင့်စာမေးပွဲသည် နောက်ဆုံးတော့ရောက်လာပြီဖြစ်သည်။

စစ်ဆေးမည့်နေရာသည် ဆင်ခြေဖုံးရပ်ကွက်ဘက်တွင်ဖြစ်သည်။ ၎င်းသည်ကျယ်ပြန့်သောလွင်ပြင်ဖြစ်သည်။ သားရဲလေ့ကျင့်သူကောလိပ်စာမေးပွဲတွင်လှည့်စား၍မရနိုင်ပေ။ နောက်ဆုံးတော့, ဒါကတစ်ယောက်နဲ့တစ်ယောက်စိန်ခေါ်တဲ့ပွဲဖြစ်သည်။ စာမေးပွဲဖြေသူများသည်သားရဲများကိုသိမ်းသွင်းပြီးသူတို့နှင့်စိန်ခေါ်ရန်လှည့်စားခြင်း သည်မဖြစ်နိုင်ပေ။

စာစဉ် ၈

စာမေးပွဲရဲ့ပထမဆုံးလုပ်ငန်းစဉ်သည် စုစုပေါင်းနှစ်ပတ်အချိန်ယူရသည်။ ချန်အန်းမြို့ကသားရဲလေ့ကျင့်သူတွေအကုန်လုံးက ထိုလွင်ပြင်ကြီးတွင်စိန်ခေါ်ကာ တိုက်ခိုက်ကြမည်ဖြစ်ပြီး ၎င်းကိုတီဗွီတွင်တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်သည်။

တီဗွီမှာပေါ်လာနိုင်တယ်ဆိုတာက စာမေးပွဲဖြေသူတွေတော်တော်များများကို စိတ်လှုပ်ရှားစေသည်။

ရုပ်မြင်သံကြားဌာန၏ဒါရိုက်တာသည် အဆင့်သတ်မှတ်ချက်များ အလွန်လျင်မြန်စွာ မြင့်တက်နေသောအားပေးမှုအဆင့်များကိုကြည့်ကာပြုံး နေသည်။

စာစဉ် ၈

မည်သည့်အကြောင်းကြောင့်မဆို သားရဲလေ့ကျင့်သူကောလိပ်ဝင်ခွင့်စာမေးပွဲဖြစ်သည့် ဤ၂ပတ်သည်ကမ္ဘာတစ်ဝှမ်းလုံးရှိလူတိုင်း၏အခရာဖြစ်လိမ့်မည်။ ဤသည်မှာ နိုင်ငံတကာအတိုင်းအတာအရခမ်းနားကြီးကျယ်သောပွဲ ပြီးဖြစ်သည်။ ၎င်းသည် နောင်လာမည့်သားရဲလေ့ကျင့်သူများအတွက် သူတို့ကိုယ်သူတို့ထုတ်ဖော်ပြသရန် စင်မြင့်တစ်ခုလည်းဖြစ်သည်။

လွင်ပြင်၏အပြင်ဘက်တွင်မျဉ်းကြောင်းတစ်ကြောင်းစည်းချထားသည်။ အဝါရောင် မျဉ်းကြောင်းသည်ပွဲနှင့်မသက်ဆိုင်သောသူများထံမှထိန်းပေးသည်။

စာစဉ် ၈

စစ်သားအများအပြားသည်
တိုက်ရိုက်ကျည်ဆန်များတပ်ဆင်ထားကြပြီးသေချာစွာ
စောင့်ကြပ်နေကြသည်။

ကောလိပ်ဝင်ခွင့်စာမေးပွဲကိုမည်သူမျှဝင်ရောက်စွက်
ဖက်၍မရပေ။ ဒါက ကမ္ဘာ့သစ်မဟာမိတ်အဖွဲ့နှင့်
သားရဲလေ့ကျင့်သူအဖွဲ့ချုပ်ကြားမှသဘောတူညီမှုဖြစ်သ
ည်။ စာမေးပွဲသည်အကြွင်းမဲ့မျှတမှုကိုအာမခံသည်။

ကောလိပ်ဝင်ခွင့်စာမေးပွဲသည်လတ်ဆက်သောသွေး
သစ်များနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ပွဲတစ်ခုဖြစ်သည်။
ဒီပွဲသည်တောက်ပရန်အတွက်လိုအပ်သောကြောင့်
ဘာမှအမှားအယွင်းခံရလို့မဖြစ်ပေ။
မည်သူမျှယေဘူယျလမ်းကြောင်းကိုမဖီဆန်နိုင်ကြပေ။
ဆိုလိုသည်မှာ

ပြည်တွင်း၌အမြင့်ဆုံးစွမ်းအင်ဆီသို့ဦးတည်ခြင်းဖြစ်သ
ည်။

ပျံသန်းမှုအမျိုးအစားအဖွဲ့များသည်
၎င်းတို့အားရေဒါများကဲ့သို့ပင်စက်ဝိုင်းပုံစံပျံသန်းနေပြီး
နေရာတိုင်းကို အသေးစိတ်ကြည့်ရှုနေသည်။

စာမေးပွဲဖြေသူတွေကသူတို့အရင်နေ့ကမတိုင်ခင်က
သူတို့စိန်ခေါ်ချင်သည့်သားရဲ၏
အဆင့်တွေကိုတင်ပြရသည်။
ကောင်းဖန်ကအုပ်ချုပ်သူအဆင့်သားရဲ,ထပ်ပေါင်း
ထိပ်တန်းအဆင့်သားရဲကိုရွေးချယ်လိုက်သည်။

သူတို့သည် အစင်းလေး,
တာ့ဇီနှင့်ဒမ်ဘီတို့ကိုတိုက်ခိုက်လိမ့်မည်။

# စာစဉ် ၈

***

စာစဉ် ၈

## အပိုင်း ၁၁၆ ဘဝစာမျက်နှာသစ်စတင်ခြင်း

စာမေးပွဲကျင်းပရာနေရာ၏ဘေးအစွန်းရှိ သတိပေးလိုင်းအပြင်ဘက်တွင် ရိုင်ဖယ်များကိုင်ထားသည့် စစ်သားအမြောက်အမြားရှိနေသည်။ ထိုသူများက လူတစ်စုကို ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"ရပ်ကြစမ်း!"

ထိုနေရာတွင် သေသပ်ကျနစွာဝတ်ဆင်ထားသည့် လူသုံးဦးရှိနေသည်။ ထိုထဲမှတစ်ဦးကတော့ ပုခုံးပေါ်တွင် ကင်မရာတစ်လုံးထမ်းထားကာ နောက်တစ်ယောက်သည်တော့ မိုက်တစ်ခုကိုင်ထားပြီး

စာစဉ် ၈

နောက်ဆုံးတစ်ယောက်သည်တော့ မှတ်စရာစာအုပ်တစ်အုပ်ကိုင်ထားသည်။

“ကျွန်တော်တို့က ချန်အန်းရုပ်သံဌာနကပါ။ ကျွန်တော်တို့အလုပ်အတွက် ခွင့်ပြုချက်ပါ။ ချန်အန်းမြို့တော်အစိုးရအဖွဲ့ကနေပြီး ကျွန်တော်တို့ကို အင်တာဗျူးခွင့်ပေးထားတာပါ။ ”

ပထမစစ်သား၏မျက်လုံးများမှာ အေးစက်စူးရှနေကာ ပြန်ပြောလိုက်သည်။ “ငါတို့လဲ အမိန့်ရထားပြီးပြီ။ မင်းတို့မှာ အလုပ်ပါမစ် ဒါမှမဟုတ် ခွင့်ပြုမိန့်လက်မှတ်မရှိရင် ဘယ်သူမှ ပွဲအတွင်းကို ဝင်ခွင့်မရှိဘူး!”

အမျိုးသမီးသတင်းထောက်၏အပြုံးက တဖြည်းဖြည်းတောင့်တင်းလို့လာတော့သည်။ သူမက

တစ်ဖက်သို့လှည့်လိုက်ကာ သူမဒါရိုက်တာကို ဖုန်းဆက်လိုက်သည်။

“ဒါရိုက်တာ၊ ကျွန်မတို့ဝင်မရလို့…”

“ချန်အန်းမြို့တော်အစိုးရရဲ့ခွင့်ပြုချက်လို့ ပြောတာပဲ… ဒါပေမယ့် အလုပ်ဖြစ်ပုံမရဘူး။”

အဆုံးမှာတော့ သတင်းထောက်များလဲ ပြိုင်ပွဲကွင်းအပြင်ဘက်မှာသာ ရပ်နေကြရပြီး ကူကယ်ရာမဲ့နေကြတော့သည်။ သူတို့အနေနဲ့ အများဆုံးမှ ဓါတ်ပုံနည်းနည်းပါးပါးရဖို့ ဒရုန်းလောက်ကိုသာ သုံးနိုင်ပေတော့မည်။

သို့သော်လည်း လက်ဗလာနှင့်တော့ သူတို့ ပြန်လှည့်မသွားနိုင်ပေ။ ဒါရိုက်တာက

အကြောင်းပြချက်တွေကို ဂရုမစိုက်ရင် သူတို့ရဲ့အထက်အရာရှိတွေ ဘယ်လိုပြန်ဖြေကြမလဲ? သူတို့သာ ဘာမှပါမလာဘဲ ပြန်သွားလျှင် သူတို့ရဲ့ လုပ်ငန်းကျွမ်းကျင်မှုမှာ ကျရှုံးသွားတဲ့ သဘောရောက်သွားမှာပေါ့။

“ကျွန်မတို့ စာမေးပွဲကွင်းအပြင်မှာရှိတဲ့ ဖြေဆိုသူတချို့ကို အင်တာဗျူးကြရင်ကော မရဘူးလား?” မှတ်စုယူဖို့ တာဝန်ကျသည့် အမျိုးသမီးလက်ထောက်က မေးလိုက်သည်။ သူတို့ ပြိုင်ကွင်းထဲဝင်ပြီး သတင်းယူလို့မရပေမည့် ဖြေဆိုသူတွေကို အင်တာဗျူးတာကိုတော့ ဘယ်သူမှမတားလောက်ဘူး မဟုတ်လား?

သို့သော်လည်း ဖြေဆိုသူအနည်းငယ်ကို အင်တာဗျူးကြည့်ပြီးနောက်မှာတော့ ရလဒ်ကို သူတို့မကျေနပ်ခဲ့ကြပေ။ အားလုံးက သူတို့ကို တစ်ပုံစံတည်းနည်းနည်းအဖြေများသာ ပြန်ပေးကြသည်။ ဥပမာအားဖြင့် “ကျွန်တော် အကောင်းဆုံးလုပ်နိုင်ဖို့ မျှော်လင့်တယ်။ ကျွန်တော်ကတော့ အရမ်းယုံကြည်ချက်ရှိပါတယ်။ ကျွန်တော့်မိဘတွေကို ကျေးဇူးတင်ပါတယ်။” စသည်ဖြင့်ပေါ့။

ဒါတွေက မကောင်းတဲ့အဖြေတွေတော့မဟုတ်ပေမယ့်လဲ တခြားလူတွေရဲ့စိတ်ဝင်စားမှုကိုတော့ ဆွဲဆောင်နိုင်မည်မဟုတ်ပေ။ ဒါမျိုးက

စာစဉ် ၈

မြင်ပြီးမကြာခင်မှာပဲ မေ့ပျောက်သွားကြမည့် သတင်းမျိုးသာဖြစ်သည်။

“ဟေး၊ ဟိုကျောင်းသားလေးကို အင်တာဗျူးကြည့်ရင်ဘယ်လိုလဲ?” ဗီဒီယိုရိုက်ကူးပေးသူက ပြောလိုက်ပြီး ရုတ်တရက်ဆိုသလို အလှမ်းဝေးဝေးမှ ပင့်ကူစီးကာလာနေသည့် ကျောင်းသားတစ်ယောက်ဆီသို့ ကင်မရာကပါလှည့်သွားသည်။

ထိုကျောင်းသား၏အနောက်မှာတော့ အနက်ရောင်ဝတ်ရုံ ဝတ်ဆင့်ထားသည့် လူသားနှင့်ကိုယ်ဟန်တူသော သားရဲတစ်ကောင်ရှိနေသည်။ ထို့အပြင်

ပေ၂၀ရှည်လျားသည့် ကင်းခြေများတစ်ကောင်လဲ ရှိနေသေးသည်။

သူ့မှာ ကိုယ်ပိုင်သားရဲသုံးကောင်တောင် ရှိတာပဲ!

ဒီကျောင်းသားက သူတို့မြင်ခဲ့သမျှထဲတွင် ကိုယ်ပိုင်သားရဲအရေအတွက် အများဆုံးရှိသည့် ကျောင်းသားဖြစ်တာကြောင့် ချက်ချင်းပင် ကောင်းဖန်ဆီသို့ ပြေးသွားကြတော့သည်။

ကင်မရာမန်းကလဲ စတင်ရိုက်ကူးလို့နေပေပြီ။

“ဟဲလို၊ ငါတို့မင်းကို အင်တာဗျူးလို့ရမလား?” အမျိုးသမီးသတင်းထောက်က ပြုံးကာမေးလိုက်သည်။ သူမက အကျင့်အတိုင်း သူမဆံပင်ကို

စာစဉ် ၈

နားနောက်သို့ညှပ်လိုက်ရင်း လည်ချောင်းကိုရှင်းကာ မေးခွန်းများမေးဖို့ပါ ပြင်ဆင်နေသည်။

“မရဘူး။” ကောင်းဖန်ကတော့ တိုတိုတုတ်တုတ်ပဲ ပြန်ဖြေလိုက်သည်။

ထို့နောက် ကောင်းဖန်က အစင်းလေးကိုစီးကာ အမျိုးသမီးသတင်းထောက်ကို ဖြတ်ကျော်သွားတော့သည်။ အမျိုးသမီးသတင်းထောက်လဲ ဘယ်လိုပြန်တုံ့ပြန်ရမလဲ မသိတော့ကာ တစ်ခုခုမှားနေသည်ဟုသာ ခံစားနေမိတော့သည်။

ဆီလီကတော့ အမျိုးသမီးသတင်းထောက်ကို စိတ်ဝင်စားနေပုံပင်။ ၎င်းက ၎င်း၏လက်ဝဲများကို လှည့်ပတ်လိုက်ကာ ကောင်းဖန်၏ပုခုံးပေါ်မှ

ပျံထွက်သွားပြီး အမျိုးသမီးသတင်းထောက်၏ခေါင်းပေါ်သို့ တက်သွားတော့သည်။

ထိုမြင်ကွင်းကိုလဲ ကင်မရာက မှတ်တမ်းတင်လို့ထားသည်။ အမျိုးသမီးသတင်းထောက်၏ခေါင်းမှာ စေးကပ်ကပ်နှင့် မသက်မသာခံစားလာရသည်။ သူမ၏ဦးရေပြားကပါ ထုံကျဉ်လာခဲ့သည်။ ဘာဖြစ်နေမှန်းတော့ သူမမသိသော်လည်း ထိုအေးစက်စက်အထိအတွေ့က သူမကိုအော်မိသွားစေသည်။

“ငါ့ခေါင်းပေါ်က ဘာကြီးလဲ?” အမျိုးသမီးသတင်းထောက်က

စာစဉ် ၈

ဓါတ်ပုံဆရာကိုမေးလိုက်သည်။ သူမ၏ပုံစံမှာ ယခုပဲ ငိုချတော့မည့်ဟန်တူနေသည်။

"သရဖူ။"

"သရဖူ?"

အမျိုးသမီးသတင်းထောက်မှာ မှင်သက်သွားတော့သည်။ ဘာကြီးတုန်း?

သတင်းထောက်များနှင့်ဝေးသွားပြီဖြစ်သည့် ကောင်းဖန်ကတော့ စာမေးပွဲခန်းဆီသို့ တန်းပြေးတော့သည်။ သူတီဗီပေါ်မှာ ပါမလာချင်ပေ။

စာမေးပွဲခန်းမရှေ့တွင် လူတန်းရှည်ကြီးတစ်ခုရှိနေသည်။ ရှေ့တွင် အာရုံခံစက်တစ်ဒါဇင်ကျော်လဲရှိသည်။

သားရဲလေ့ကျင့်သူကောလိပ်ဝင်ခွင့်စာမေးပွဲက တကယ်ကို စည်းကမ်းတင်းကျပ်လှသည်။

ကောင်းဖန် အစင်းလေးကိုယ်ပေါ်မှ ခုန်ဆင်းလိုက်ကာ ရှေ့သို့ ဆက်လျှောက်သွားပြီး သူ့ရဲ့ဝင်ခွင့်လက်မှတ်ကို ရှေ့ဂိတ်မှ စစ်သားများထံကမ်းပေးလိုက်သည်။ ထို့နောက် စစ်သားများက လက်မှတ်ကိုစစ်ဆေးပြီး ကောင်းဖန်ကို လူတန်းနောက်မှာ တန်းစီဖို့ရန်ပြောလိုက်သည်။

ထိုအခိုက်အတန့်မှာပဲ ဒေါသထွက်နေသည့် အမျိုးသမီးသတင်းထောက်တစ်ဦး ကောင်းဖန်ဆီသို့ ဒေါကြီးမောကြီးနှင့် ရောက်လာခဲ့သည်။ သူမ၏ဘယ်ဘက်လက်ထဲမှာတော့ အော်ဟစ်နေသည့် ဆီလီကိုသယ်လို့ထားသည်။

စာစဉ် ၈

ကောင်းဖန်ကတော့ ခေါင်းကိုက်သွားကာ ဘယ်လိုရှင်းပြလို့ ရှင်းပြရမယ်မှန်းမသိတော့ပေ။

အမျိုးသမီးသတင်းထောက်ကရှေ့သို့လှမ်းလာပြီး ဆီလီကိုကောင်းဖန်ဆီသို့ပြန်ပေးကာ ပြင်းထန်စွာပြောလိုက်သည်,
“ငါမင်းရဲ့ဦးထုပ်ကိုပြန်ပေးမယ်!”

စာမေးပွဲဖြေသူများကခေါင်းတွေကိုလှည့်လာကြသည်၊ သူတို့ကကောင်းဖန်
ကိုစိတ်ရှုပ်ထွေးစွာနှင့်ကြည့်လာကြသည်၊

အမျိုးသမီးသတင်းထောက်ထွက်သွားပြီးနောက်, ဆီလီကသူ့ကိုယ်သူကောင်းဖန်ဆီသို့
တွန်းထုတ်လိုက်သည်။ ဖျော်ရည်,
ငါဖျော်ရည်သောက်ချင်တယ်!ၑင်းကတွေးလိုၐ်သည်။

စာစဉ် ၈

မင်းကဖျော်ရည်သောက်ချင်တယ်ပေါ့?

အိမ်ကိုပြန်ရောက်ရင်မင်းကိုဖျော်ရည် လုပ်ပစ်မယ်!

ကောင်းဖန်ကပြန်ပြောလိုက်သည်။

ကောင်းဖန်ပါးစပ်တွန့်သွားတော့သည်၊

သူကဆီလီကိုအိပ်ကပ်ထဲသို့ထည့်လိုက်ပြီး

ဇစ်ကိုဆွဲလိုက်သည်။

ကောင်းဖန်၏

လိုင်းအဆုံးထိရောက်ဖို့ကနာရီဝက်တိတိကြာလိုက်သည်

။

ကောင်းဖန်သည်

မျက်နှာပုံရိပ်ဖမ်းရန်နှင့်လက်ဗွေရာမှန်ကန်ကြောင်းစစ်ေ

ေးရန် အတွက် စက်ဆီသို့သွားလိုက်သည်။

၎င်းသည်အခြားသူတစ်ဦးကိုဖြစ်နိုင်ခြေအရာများ

ကိုအခြားတစ်ဦးအားအစားထိုးလိုက်ပြီးဖယ်ရှားလိုက်သ
ည်။

ထို့နောက်သူကအခြားစက်တစ်ခုဆီသို့ရောက်ကာ
သူ၏သားရဲများကိုအထဲသို့ပို့ပေးသည်။
သားရဲလေ့ကျင့်သူတွေက
နောက်ထပ်စက်တစ်ခုဆီသို့ဦးတည်ကြသည်။
အကယ်၍သားရဲနှင့်သားရဲလေ့ကျင့်သူတို့
အတူတကွသွားလျှင်မီးသည့်အစိမ်းရောင် ပြလာသည်။
၎င်းကိုအထူးသံလိုက်စက်ကွင်းကိုသုံး၍ရှာဖွေ့တွေ့ရှိခဲ့ခြ
င်းဖြစ်သည်။

သိပ်မဝေးသောအခြားစက်တစ်ခုတွင်အနီရောင်မီးရ
တ်တရက်ပေါ်လာသည်၊

ဘီ ဘီ ဘီ

များစွာသောစစ်သားများကစုရုံးသွားကြသည်။ သူတို့၏နောက်တွင်များစွာသော မှုန်မှိုင်းနေသည့်ငွေလရောင်ဝံပုလွေများရှိသည်။ သူတို့ကရှေ့သို့လှမ်းလာကြသည်။

“ထပ်လုပ်ကြည့်စမ်း” အရာရှိယူနီဖောင်းနှင့်တစ်ယောက်မကြည်လင်စွာနှင့်ပြေ ာလိုက်သည်။ သူကစက်ထဲတွင်ရပ်နေသောကျောင်းသားကိုကြည့်လိုက် သည်။

စက်၏အခြားတစ်ဖက်တွင်အနီရောင်ဆံရှည်ဘစ်ဟီး မက်သားရဲကြီးဖြစ်သည်။ အနီရောင်ဆံရှည်ဘစ်ဟီးမက်သားရဲကြီးသည်၁၀ပေရှည် သည်။ ၎င်း၏အမွေးများသည်

စာစဉ် ၈

ရေတံခွန်ကဲ့သို့အောက်ကျနေပြီး
ငင်းကကြည့်ရသည်မှာအမွေးဘောလုံးလိုပင်ဖြစ်နေ
သည်။

ရုတ်တရက်,
အနီရောင်ဆံရှည်ဘစ်ဟီးမက်ကြီးကဒေါသထွက်စွာနှင့်
စူးစူးဝါးဝါးအော် လိုက်သည်။

ငင်းကစက်ဆီမှခုန်ဆင်းပြီးထွက်လိုက်ကာ
စ၍ပြေးတော့သည်။

သူတို့ကစစ်သားတွေရဲ့ညွှန်ကြားချက်ကိုပင်
မလိုအပ်ဘဲ ငွေလရောင်ဝံပုလွေတွေက နေရာအနှံ့သို့
ထွက်ခွာလိုက်ကြပြီး
ဆံရှည်ဘစ်ဟီးမက်ခုန်ချသွားပြီးနောက် လိုက်၍
ခုန်ချလိုက်ကြသည်။ ဆံရှည်ဘစ်ဟီးမက်ကြီးကို

ပြဿနာဖြစ်ပြီးစက္ကန့်အနည်းငယ်အတွင်း မှိန်သွားကြသည်။

ငွေလရောင်ဝံပုလွေများက ၎င်းကိုဝိုင်းလိုက်ကြသည်၊ သူတို့ကဘစ်ဟီးမက်ကြီး၏ ကြီးမားသောခြေလက်တွေကိုကိုက်လိုက်ကြသည်။

ထိုမြင်ကွင်းကိုကြည့်နေသောကျောင်းသားက ဖြူဖျော့နေတော့သည်၊ယူနီဖောင်း နှင့်ဝန်ထမ်းကရှေ့သို့ထွက်လာပြီး ကျောင်းသား၏ဝင်ခွင့်လက်မှတ်ကိုသူ့အားပြန်ပေး ကာ “

မင်းရဲ့စာမေးပွဲရလဒ်အရည်အချင်းတွေကိုဖယ်ရှားလိုက်ပြ ပြီ, ပြန်တော့” သူကပြောလိုက်သည်။

စာစဉ် ၈

ကျောင်းသားကကြွက်သေသေနေတော့သည်။ သူ၏မျက်လုံးများကနီလာပြီးနောက် သူကစတင်ပြောလာတော့သည်, "ဟင့်အင်း, ဟင့်အင်း, ကျွန်တော်မှားသွားပါတယ်။ ကျေးဇူးပြုပြီး ကျွန်တော့်ရဲ့စာမေးပွဲရလဒ်အရည်အချင်းတွေကိုမဖယ်လိုက်ပါနဲ့။" ကျောင်းသားကဒူးထောက်ချလိုက်ပြီး ယူနီဖောင်းဝတ်ထားသည့်ဝန်ထမ်းကို တင်းကြပ်စွာကိုင်ထားကာတောင်းပန်နေသည်။

ယူနီဖောင်းနှင့်ဝန်ထမ်းကတည်ငြိမ်စွာနှင့် ကျောင်းသားကိုပြန်ထူလိုက်ပြီး သူ့ဘောင်းဘီမှဖုန်များကိုခါလိုက်သည်။ "မင်းကယောကျာ်းဘဲ, ဒူးထောက်စရာမလိုဘူး၊ အရေးကြီးဆုံးကလူတစ်ယောက်မှာဂုဏ်သိက္ခာရှိဖို့ဘဲ။"

စာစဉ် ၈

ကျောင်းသားကသူ့ကိုထူပေးပြီးသွားတော့ ကိစ္စတွေကအကောင်းဘက်ကိုရောက်လာခဲ့ပြီဟုထင်လိုက်သည်၊ သူ့မျက်လုံးထဲတွင်ပျော်ရွှင်မှုအရိပ်အရောင်ပြလာသည်။

ယူနီဖောင်းနှင့်လူကပြုံးပြီးသူ့ကိုနှစ်သိမ့်လိုက်သည်၊ “ပြန်သွားပါ၊ နောက်နှစ်မှပြန်လာခဲ့၊ ဒီနှစ်စာမေးပွဲကိုမင်းမဖြေနိုင်တော့ဘူး,စည်းကမ်းကစည်းကမ်း ဘဲ၊စည်းကမ်းမရှိရင် ပရမ်းပတာတွေဖြစ်ကုန်လိမ့်မယ်။ ပြီးတော့မင်းရဲ့ကိုယ်ပိုင်မဟုတ် တဲ့သားရဲတွေနဲ့စမ်းသပ်ခွင့်မပြုနိုင်ဘူး။ ကျူးလွန်သူတွေကစာမေးပွဲအရည်အချင်း မပြည့်မှီဘူး။ သေချာတာပေါ့,

စာစဉ် ၈

ဒီသားရဲကမင်းပိုင်တာသေချာရင်ငါတို့ပြန်စစ်ကြည့်လို့ရတယ်၊”

ကျောင်းသား၏မျက်နှာကဖြူဖျော့သွားတော့သည်။ ကိုယ်ပိုင်သားရဲဟုတ်သည်မဟုတ်သည်ကိုအဘယ်သို့သိနိုင်မည်နည်း? ဒါကသူ့အဖေရဲ့ကိုယ်ပိုင်သားရဲဖြစ်သည်။ သူက ဒါကိုသူ့အဖေရုံးသွားတဲ့အချိန် လျှို့ဝှက်စွာနှင့်ခေါ်လာတာဖြစ်သည်။

သေချာပေါက် သူစည်းကမ်းတွေကိုသိတာပေါ့။ လေ့ကျင့်ရေးကာလအတွင်းမှာ သူ့ရဲ့သားရဲကအမြဲတမ်းအားနည်းနေခဲ့တာကြောင့် စာမေးပွဲဖြေသူတွေသတိမပြုမိဖို့မျှော်လင့်ပြီး သူဒီကိုလာပြီးကံစမ်းချင်ခဲ့တာဖြစ်တယ်။

စာစဉ် ၈

သူတို့က သူထင်တာထက်ပိုပြီးတင်းကြပ်နေတာကတော့ အရမ်းဝမ်းနည်းစရာကောင်းတယ်။

ဒမ်ဘီ,တာ့ဇီ,အစင်းလေးနဲ့ဆီလီတို့ကလျင်မြန်စွာနဲ့ဘဲ စက်ကိုဖြတ်ကျော်လာခဲ့သည်။ သားရဲများကိုစစ်ဆေးသည့်တာဝန်ယူထားတဲ့ယူနီဖောင်းဝတ်ဝန်ထမ်းက ကောင်းဖန်ကိုအကူအညီမဲ့စွာနဲ့တစ်ချက်ကြည့်လိုက်သည်၊

ဒီစာမေးပွဲဖြေသူမှာ ကိုယ်ပိုင်သားရဲတွေအများကြီးရှိနေတာ အသေအချာပဲ…

# စာစဉ် ၈

***

စာစဉ် ၈

## *အပိုင်း ၁၁၇ အနက်ရောင် အန်ဒါကွန်ဒါမြွေ*

“မင်းစာမေးပွဲမှာ ကံကောင်းပါစေ။” စစ်သားတစ်ယောက်က ရုတ်တရက်ကြီး ကောင်းဖန်ကို လှည့်ကြည့်ကာ အားပေးစကားပြောလာသည်။

ကောင်းဖန်၏အမူအရာက ရုတ်ချည်းဗလာဖြစ်သွားသည်။ နောက်တော့မှ ပြန်လည်နူးညံ့သွားကာ၊ “ကျေးဇူးတင်ပါတယ်” ဟု ပြန်ပြောခဲ့သည်။

သစ်သားဝိညာဉ်ဂျယ်လီငါးဖြစ်သည့် ဆီလီက ၎င်းလက်တံများဖြင့် ထိုစစ်သားကို ဝှေ့ယမ်းပြနေသည်။ ၎င်းက ရင်းနှီးသလိုပုံစံနှင့် ထိုစစ်သားဆီ ပျံသွားကာ ထိုစစ်သားဆီမှ ဆုလိုချင်နေသလိုပင်။

စာစဉ် ၈

“တော်လောက်ပြီ။ မင်းသူ့ကို လက်ပြနေဖို့မလိုဘူး။ မင်းက ပဲငံပြာရည်ဝယ်တဲ့ဖြတ်သွားသူလိုပဲ။” ကောင်းဖန် ပြောလိုက်သည်။ သူက အေးအေးဆေးဆေးပင် စိတ်လှုပ်ရှားနေသည့် ဆီလီကို ပြန်ဆွဲလိုက်သည်။

ဆီလီက မှားယွင်းနေသည်ဟု ခံစားသွားရသည်။ ထိုသို့ဖြင့် ကောင်းဖန်လဲ “ငါ မစားဘူး။ ငါပဲငံပြာရည်မစားဘူး!” ဆိုသည့် ဆီလီ၏ဆန္ဒပြသံများကို ဆက်တိုက်နားထောင်နေရတော့သည်။

“မင်းပဲငံပြာရည်မစားမှန်း ငါသိပါတယ်။ မင်းက ပဲငံပြာရည်ဝယ်တာလို့ ပြောချင်တာပါ။”

စာစဉ် ၈

ရုတ်တရက် ဆီလီ၏လှုပ်ရှားမှုများ ရပ်တန့်လို့သွားသည်။ ထို့နောက် ၎င်းက ဒေါသထွက်သွားကာ သူဒေါသထွက်လျှင် လုပ်နေကျလိုမျိုး ကောင်းဖန်၏ခေါင်းပေါ် တက်ထိုင်နေတော့သည်။

မျက်နှာတည်ကြီးနှင့်နေသည့် စစ်သားမှာ ဆက်ပြီးကြာကြာမတည်နိုင်တော့ပေ။ ကောင်းဖန်လဲ ရှက်ကိုးရှက်ကန်းနှင့် လက်ဝှေ့ပြကာ ထွက်သွားတော့သည်။ ကောင်းဖန် လှည့်ထွက်လာပြီးသည်နှင့် အေးဆေးတည်ငြိမ်စွာ ပြောလိုက်သည်။ "မင်း ဖျော်ရည်သောက်ချင်သေးလား?"

စာစဉ် ၈

ဆီလီက ချက်ချင်းပင် သူ့လက်တံများကို လှုပ်ရှားကာ ကောင်းဖန်၏ခေါင်းပေါ်မှ ပြန်ဆင်းလိုက်သည်။ "သောက်ချင်တယ်၊ သောက်ချင်တယ်။"

ဆီလီက ဖျော်ရည်အကြောင်းပြောလိုက်သည်နှင့် အလွန်စိတ်လှုပ်ရှားလာတတ်တာကြောင့် ဒီကောင်လေးကို ကိုင်တွယ်ဖို့ ကောင်းဖန် နည်းလမ်းတစ်ခုရှာတွေ့ထားခဲ့ခြင်းဖြစ်သည်။ ဒီလိုနဲ့ပဲ သူ့ရဲ့ဒုက္ခတွေ ပူပန်မှုတွေအားလုံး ပျောက်ကွယ်သွားရလိမ့်မည်။ တစ်ခါတလေတော့ ဆီလီက ဂရုမစိုက်တတ်သော သဘောထားအပေါ် ကောင်းဖန် မနာလိုဖြစ်မိသည်။ ၎င်း၏စိတ်အခြေအနေ

ကောင်းမကောင်းကတော့ ထိုနေ့၏ဖျော်ရည်အရသာ ကောင်းလားနှင့်သက်ဆိုင်နေသည်။

ကောင်းဖန် အိတ်ကပ်ထဲမှ ဖျော်ရည်တစ်ထုပ်နှင့် ပိုက်တစ်ချောင်းထုတ်ယူလိုက်ကာ ဆီလီလဲ ကျေနပ်မှုအပြည့်နှင့် ဖျော်ရည်ကိုသောက်နေတော့သည်။ ၎င်းက တစ်ခါတရံ ဖျော်ရည်ထဲသို့ ပူဖောင်းများထအောင် မှုတ်တပ်သေးသည်။ သူ့သခင်ကြည့်နေသည်ဟု ခံစားရလျှင်တော့ သူလုပ်နေတာကို သူ့သခင်မမြင်သွားအောင် မြန်မြန်ဆန်ဆန်တစ်ဖက်သို့ လှည့်သွားပေလိမ့်မည်!

ကောင်းဖန်ကတော့ ဆီလီကို လျစ်လျူသာရှုထားလိုက်ကာ သူ့ညာလက်ကိုမြှောက်လိုက်ပြီး ချိတ်ကောက်တစ်ခုလို

စာစဉ် ၈

ကွေးလိုက်သည်။ ဆီလီက အကြိမ်ရေအနည်းငယ်ခန့်ပတ်လိုက်ပြီးနောက်မှာတော့ ၎င်း၏၃ဂစင်တီမီတာရှည်သည့် လက်တံများက ကောင်းဖန်ဆီသို့ ကြိုးတစ်ချောင်းလို ရစ်ပတ်သွားတော့သည်။ ဆီလီက အခုဆိုလျှင် လက်မှာကြိုးနှင့်ချည်ကာထားသည့် မိုးပျံပူဖောင်းတစ်လုံးနှင့်ပင် တူသွားပေပြီ။

ကောင်းဖန် သူ့နာမည်နှင့်စာမေးပွဲနံပါတ် A5 ပါသည့် ကတ်ကိုထုတ်လိုက်သည်။ ထိုစာမေးပွဲနံပါတ်အနေအထားက ဘယ်လိုသဘောဆောင်လဲဆိုတာကို သူမသိသော်လည်း Aရှိသူများကို ဧရိယာAအဖြစ် ပိုင်းခြားထားသည်။

စာစဉ် ၈

စာမေးပွဲနေရာက ကြီးလွန်းတာကြောင့် ကောင်းဖန်သူ့စာမေးပွဲဖြေမည့်နေရာသို့ သွားဖို့ရန် ခေါက်ပြန်ဘက်စ်မစီးမီ အချိန်အတော်ကြာစောင့်လိုက်ရသေးသည်။

စာမေးပွဲနေရာမှ ဝန်ထမ်းအားလုံးနီးပါးသည် စစ်တပ်ထဲမှ တာဝန်ပြောင်းလာကြသူများဖြစ်ကြသည်။ ဒီလိုပွဲကြီးမျိုးမှာ ပဋိပက္ခတစ်စုံတစ်ရာမဖြစ်ဘဲ ပြီးသွားဖို့ဆိုတာ အာမခံဖို့ ခဲယဉ်းလှကာ ဒီလိုပြဿနာမျိုးကင်းစင်စေရန် လုပ်ဆောင်နိုင်မည့် လူတစ်မျိုးတည်းရှိသည်။

သွားလိုရာသို့ရောက်ရန် ခေါက်ပြန်ဘက်စ်ကို ၁၀မိနစ်လောက်စီးလိုက်ရသည်။ ၎င်းက ဝန်ထမ်းများ အလှုပ်ရှုပ်စွာ လှုပ်ရှားသွားလာနေကြသည့်

နေရာရှေ့တွင်သာ ရပ်ပေးခဲ့သည်။ အများစုကတော့ စစ်ယူနီဖောင်းများကို ဝတ်စင်ထားကြသည်။

ဘက်စ်ပေါ်မှဆင်းလာပြီးနောက် ကောင်းဖန်လဲ အလွန်ကြီးမားလှသည့် ဧရိယာAကိုရှာတွေ့သွားသည်။ ၎င်းသည် အနောက်မှ ဧရိယာ C နှင့် Bတို့ထက် အဆများစွာပိုကြီးမားသည်။

သူတို့က စာမေးပွဲကို အလှည့်ကျဖြေဆိုရမည်ဖြစ်ကာ တိုက်ပွဲတစ်ခုကို အနားယူချိန်နာရီဝက်နှင့် နှစ်နာရီကြာမြင့်ပေမည်။

ဒါပေါ့၊ သားရဲတစ်ကောင်တည်းရှိတဲ့ ဖြေဆိုသူတွေကတော့ တိုက်ပွဲပြီးတာနဲ့ ပြန်သွားနိုင်ပါတယ်။

စာစဉ် ၈

A, B, C….. ဒီအဆင့်တွေက အုပ်ချုပ်သူအဆင့်၊ ထိပ်တန်းအဆင့်နဲ့ သာမာန်အဆင့်ဆိုပြီး ခွဲခြားထားတာမဟုတ်ဘူးလား?

ဒါပေမယ့် တစ်ယောက်ယောက်မှာ သခင်အဆင့်ကိုယ်ပိုင်သားရဲရှိနေရင်ရော? သူတို့အတွက် ဧရိယာSဆိုပြီး ခွဲပေးဦးမှာလား? ကောင်းဖန် အံ့အားသင့်လို့နေသည်။ ပြီးတော့ သူအရမ်းအတွေးလွန်နေပြီဟုလဲ တွေးမိသွားသည်။ ဤအဆင့်တွင် တစ်ယောက်ယောက်မှာ သခင်အဆင့်ကိုယ်ပိုင်သားရဲရှိဖို့ဆိုတာ လုံးဝမှမဖြစ်နိုင်ပဲ…

သားရဲလေ့ကျင့်သူကောလိပ်ဝင်ခွင့်စာမေးပွဲကိုဖြေဆိုသောကျောင်းသားများသည်

စာစဉ် ၈

ယေဘူယျအားဖြင့်အသက်၁၇နှစ်မှ၁၉နှစ်အတွင်းဖြစ်ကြ
သည်။ အခါအားလျော်စွာ
ထိုတွင်၂၀နှစ်၂၁နှစ်ရှိသည့်နှစ်ကျများ ဒါမှမဟုတ်
အသက်ကြီးလူများပါဝင်သေးသည်။

ကောင်းဖန်ကသူ့ခေါင်းကိုခါလိုက်ကာ
သူ၏ကျင်းပရာနေရာကိုကြည့်လိုက်သည်၊
၎င်းသည်ဘောလုံးကွင်းကဲ့သို့ကြီးမားသည်၊
၎င်းကငါးထပ်ပတ်လည်တွင်
၁၀မီတာမြင့်ပြီးသံပိုက်ကွက်နံရံရှိသည်။

ဧရိယာAတွင်နေရာရှစ်နေရာရှိသည်ကိုသူမြင်လိုက်
သည်၊ ဆိုလိုသည်မှာ
အုပ်ချုပ်သူအဆင့်သားရဲရှိသည့်သားရဲလေ့ကျင့်သူအနည်
းဆုံး၇နှစ်ယောက်ရှိခြင်းဖြစ် သည်။

စာစဉ် ၈

ကောင်းဖန်အံ့ဩသွားတော့သည်၊ ဒမ်ဘီကအဆင့် ၂၀သာရှိသေးသည်၊ ၎င်းက အုပ်ချုပ်သူအဆင့်သန်မာမှုမျိုးရှိသော်လည်းထိုထဲမှမဟုတ်ပေ။

ဒီလောကတွင်ပါရမီရှင်များအဆုံးမရှိပေ။ ကောင်းဖန်၏စွမ်းရည်သည်သားရဲများ၏ အဆင့်ကိုမြှင့်တင်ခြင်းမဟုတ်ဘဲ သူတို့၏အဆင့်အတန်းကိုသာမြှင့်တင်ခြင်းဖြစ်သည်။ သူ့တွင်သားရဲများ၏ဆင့်ကဲဖြစ်စဉ်ကိုမြှင့်တင်ရန်လိုအပ် သောပစ္စည်းများကိုဝယ်ဖို့ ပိုက်ဆံရှိနိုင်သည် ဒါပေမယ့်ချမ်းသာသောမိသားစုများကလည်းထိုနည်းအ တိုင်းပင် ပြုလုပ်နိုင်သည်။

စာစဉ် ၈

သူတို့ရဲ့မိသားစုနောက်ခံတွေက
သူတို့အတွက်ကြီးပွားတိုးတက်ဖို့အလားအလာပိုရှိတဲ့
သားရဲတွေနဲ့လက်မှတ်ထိုးဖို့လည်းဖြစ်နိုင်သည်၊
ဥပမာအားဖြင့်ချန်းဟန်ချောင်သည်
ကြီးပြင်းလာသောအခါခေါင်းဆောင်အဆင့်ထိအလားအ
လာရှိသည့်
လျှပ်စီးရောင်စိုဝက်ဝံနှင့်စာချုပ်ချုပ်ခဲ့ခြင်းဖြစ်သည်။

ကောင်းဖန်ခဏလောက်စဉ်းစားလိုက်သည်။
သူသည်ကောင်းမွန်သောမိသားစုမှလာခဲ့သည်လား?
မဟုတ်ပေ။ သူကရိုးသားစွာနှင့်နေထိုင်ပြီး
အလုပ်ကြိုးစားကာသူ့သားရဲ
တွေ၏လက်ရှိအဆင့်ထိရောက်အောင်မြှင့်တင်ပေးခဲ့ခြင်းဖြ
ြစ်သည်၊ သူကပါရမီရှင်ဖြစ် သင့်သည်!

သူကအကူအညီမဲ့ပေမယ့်
ထိုကဲ့သို့အတွေးမျိုးတွေးလိုက်သောကြောင့်
အနည်းငယ်ပျော်ရွှင်သွားတော့သည်။

အချိန်ခဏလေးအတွင်းမှာတင်,
နောက်ထပ်ရေိယာများကလူများဖြင့်ပြည့်သွားတော့
သည်။

ကောင်းဖန်၏ဘယ်ဘက်တွင်
မိန်းကလေးတစ်ယောက်အဖြူရောင်အားကစားဝတ်စုံ
ကိုဝတ်ဆင်ထားသည်။
နူးညံ့သောဆံပင်များကသူမပုခုံးပေါ်သို့ကျနေသည်၊
သူမ၏မျက်နှာကတည်ငြိမ်နေသည်။
ကြီးမားသောအနက်ရောင် အန်ဒါကွန်ဒါမြွေသည်
ပေဖဂုဏထက်ပင်ပို၍ရှည်လျားပြီးရေစည်ကြီးကဲ့သို့ပင်ထူ

ကာ ၎င်း၏ခန္ဓာကိုယ် ပတ်လည်တွင်ဒဏ်ရာများရှိသည်။ သူမကိုထိုမြွေ၏အလယ်တွင်တင်းကြပ်စွာရစ်ပတ်ထားသည်။

ကြီးမားသောအန်ဒါကွန်ဒါမြွေ၏မျက်လုံးများကတောက်ပနေပြီး သွေးကဲ့သို့နီရဲနေသည်။

နေရောင်အောက်တွင်, ကြီးမားသောအန်ဒါကွန်ဒါမြွေ၏အကြေးခွံများသည်တောက်ပနေသည်။

[မကောင်းဆိုးဝါးအမည်]–အနက်ရောင်အန်ဒါကွန်ဒါမြွေ

[မကောင်းဆိုးဝါးအဆင့်]–အဆင့်၂၅

[မကောင်းဆိုးဝါးအဆင့်အတန်း]–အထူးအဆင့်

စာစဉ် ၈

ကောင်းဖန်၏ညာလက်တွင်တော့ မျက်မှန်တပ်ထားသည့်ကောင်လေးဖြစ်သည်၊ သူက နူးညံ့သည့်ပုံစံဖြစ်သည်။ သူကပေါ့ပေါ့ပါးပါးအဝတ်ကိုဝတ်ဆင်ထားပြီး သူ့မျက်နှာက ပြုံးနေသည်။ သူ့နောက်တွင် စွဲမက်ဖွယ်ကောင်းသောအနီရောင်ကျားကြီးတစ်ကောင် ကလိုက်သည်။

ကောင်းဖန်သည်ကျားအမျိုးအစားသားရဲကိုမြင်ဖူးသည်မှာပထမဆုံးအကြိမ်ဖြစ်သည်၊ အကယ်၍ထိုကောင်လေးက ကျားကိုသူ၏ကိုယ်ပိုင်သားရဲဖြစ်အောင်လုပ်နိုင်လျှင် သူသည်သာမာန်လူမဟုတ်ဟုဆိုနိုင်သည်။

စာစဉ် ၈

ကပ်ဆိုးကြီးပြီးနောက်တွင်ကျားအနည်းငယ်သာရှိေ
ေ့သည်၊ တစ်ခြားသောနယ်ပယ်
တစ်ဝိုက်တွင်များစွာသောအင်းစက်အမျိုးအစားများရှိသ
ည်၊

အကုန်လုံးကသူတို့၏သတ်မှတ်ထားသောဧရိယာသို့
ကိုးနာရီထိုးသည်နှင့်ရောက်လာ ကြသည်။

ဧရိယာAတွင် ကျင်းပရာနေရာရှစ်နေရာရှိပြီး,
ဧရိယာB၌၃၃၈, ဧရိယာC၌၆၆၁ခုရှိသည်၊
စုစုပေါင်းစာမေးပွဲနေရာ၉၉၉ခုဖြစ်သည်။

ကောင်းဖန်ကသူမှန်းတာမှန်သွားသည်ကိုသဘောေ
ေါက်လိုက်သည်၊ ဧရိယာAသည်

စာစဉ် ၈

အုပ်ချုပ်သူအဆင့်သားရဲများအတွက်ကြီးမားသောအရွယ်အစားဖြစ်သည်၊ ဧရိယာB သည်ထိပ်တန်းအဆင့်သားရဲများဖြစ်ပြီး, ဧရိယာCသည်သာမန်အဆင့်သားရဲများ အတွက်ဖြစ်သည်။

သို့သော်ဒမ်ဘီသည်ထိပ်တန်းအဆင့်သားရဲဖြစ်သည်၊ ကောင်းဖန်ကအနည်းငယ် ဂုဏ်တက်နေသည်ဟုခံစားလိုက်ရသည်၊ အုပ်ချုပ်သူအဆင့်သားရဲများ၏ဝန်းရံခြင်းကို ခံရခြင်းသည် ဟက်စကီးတစ်ကောင်ကဝံပုလွေအုပ်ထဲသို့ရောက်နေသလိုပင်သူ့ကို ခံစားရစေသည်၊ ဒါကစိတ်လှုပ်ရှားစရာကောင်းတယ်!

စာစဉ် ၈

ဒါကကောင်းဖန်တွေးနေတာဖြစ်သည်၊ သူမသိသောအချက်မှာစာမေးပွဲဖြေဆိုသူထောင်ပေါင်းများစွာရှိနေပြီးသူတို့သည်ဧရိယာAရှိဌင်းတို့ရှစ်ဦးကိုကြည့်နေကြခြင်း ဖြစ်သည်။

ဧရိယာA၌ရှိနေခြင်းသည် , သူတို့ကထူးခြား၍ဖြစ်သည်: ချန်အန်းမြို့ရှိအကောင်းဆုံးသားရဲလေ့ကျင့်သူရှစ်ယောက်ဖြစ်သည်။

***

# *အပိုင်း ၁၁၈ လိပ်ခ်ဆိုက်ကင်းမြှီးကောက်ကြီး*

လူထောင်ပေါင်းများစွာက လူရှစ်ယောက်၏ကျောပြင်များကို ကြည့်လို့နေကြသည်။ ကောင်းဖန်ပင်လျှင် ခံစားချက်မျိုးစုံရောထွေးလို့လာရသည်။

ကိုယ်ပိုင်သားရဲက အုပ်ချုပ်သူအဆင့်သာမဟုတ်လျှင် အဆင့်မြင့်သားရဲများကို တိုက်ခိုက်ဖို့မဖြစ်နိုင်ပေ။ ဒမ်ဘီကို ဥပမာထားကြည့်လျှင် ၎င်းအနေနှင့် အုပ်ချုပ်သူအဆင့်သားရဲများကို ယှဉ်ပြိုင်ဖို့ အခွင့်အရေးရရှိရန်အတွက် အဆင့်၂၀နှင့် ထင်ရှားအဆင့်ကိုပိုင်ဆိုင်ထားရသည်။

စာစဉ် ၈

အုပ်ချုပ်သူအဆင့်၏အားအနည်းဆုံးကိုယ်ပိုင်သားရဲ ပင်လျှင် အင်အားကြီးနေကြတုန်းပင်။ ထိုအဆင့်နှစ်ခုကြားမှ ကွာခြားချက်မှာ အလွန်ကြီးမားလှသည်။ ထင်ရှားအဆင့်သားရဲများသည် အလွန်ရှားပါးကာ အုပ်ချုပ်သူအဆင့်သားရဲများထက်ပင် ပို၍ရှားပါးသေးသည်။

“သူတို့ရှစ်ယောက်က ချန်အန်းမြို့မှာ အသန်မာဆုံးလူငယ်တွေပဲ။” စစ်တပ်အခြေစိုက် လျှို့ဝှက်စခန်းတစ်ခုထဲမှ တစ်စုံတစ်ယောက်က ပြောလိုက်သည်။ စခန်းအလယ်ရှိ သားရဲလေ့ကျင့်သူကောလိပ်ဝင်ခွင့်စာမေးပွဲအကြောင်း တိုက်ရိုက်ထုတ်လွှင့်နေသည့် ကြီးမားလှသော

## စာစဉ် ၈

စခရင်ကြီးကိုလဲ အဆင့်မြင့်စစ်အရာရှိပေါင်းများစွာက ကြည့်လို့နေကြသည်။

စခရင်မှ တိုက်ရိုက်တင်ဆက်မှုကိုတော့ ဒရုန်းဖြင့် ရိုက်ကူးထားခြင်းဖြစ်သည်။ ဧရိယာAကို ရိုက်ကူးပြနေသည့် ကင်မရာမှ ပုံရိပ်များမှာ အရည်အသွေးကောင်းကာ အလွန်ကြင်လင်ပြတ်သားလှသည်။ ထိပ်တန်းအဆင့်နှင့်သာမာန်အဆင့်သားရဲအုပ်ကြီးနှင့်ယှဉ်လျှင် အုပ်ချုပ်သူအဆင့်သားရဲနှင့် ထိုရှစ်ယောက်က ပိုလို့စိတ်ဝင်စားဖို့ ကောင်းပေသည်။

“ရှစ်ယောက်လုံး စိတ်ဝင်စားဖို့ကောင်းတာမဟုတ်ဘူး။ ဖယောက်ပဲ။” နောက်တစ်ယောက်က ခေါင်းယမ်းကာ

စာစဥ် ၈

စကားကိုပြန်ပြင်ပေးလိုက်သည်။
“ငါမေးကြည့်လိုက်တော့ အဲ့ထဲကနှစ်ယောက်က
အသက်ကြီးနေကြပြီ။ တစ်ယောက်က ၂၁နှစ်
နောက်တစ်ယောက်ကတော့ အသက်၂၀ရှိနေပြီ။
သူတို့ရဲ့ကိုယ်ပိုင်သားရဲတွေက အခုထိ
အုပ်ချုပ်သူအဆင့်ကိုပဲ မြှင့်ထားနိုင်သေးတယ်။
သူတို့ရဲ့ကိုယ်ပိုင်သားရဲတွေကို
အုပ်ချုပ်သူအဆင့်ရောက်ဖို့ အချိန်တွေ
ဒီလောက်တောင်ယူတယ်ဆိုမှတော့ သူတို့ကို
အရည်အချင်းရှိတယ်လို့ပဲ သတ်မှတ်လို့ရမယ်။
ဉာဏ်ကြီးရှင်တွေဆိုတဲ့ အဆင့်ထိတော့
သတ်မှတ်လို့မရဘူး။”

စာစဉ် ၈

အနားမှလူများကလဲ ခေါင်းညိတ်လိုက်ကြသည်။ ကိုယ်ပိုင်သားရဲတစ်ကောင်နှင့် စာချုပ်,ချုပ်နိုင်သည့် အငယ်ဆုံးကန့်သတ်ချက်မှာ ၁၈နှစ်ဖြစ်သည်။ ဒါကြောင့် ဒီလိုအသက်အရွယ်သတင်းလေးနှင့်တင်ကို သားရဲလေ့ကျင့်သူတစ်ယောက် ဘယ်လောက်ထိ အရည်အချင်းရှိလဲ ပြောနိုင်ကြပေသည်။

"ဒါပေမယ့် အရည်အချင်းကို ဒီလိုပုံစံမျိုးနဲ့ ဘယ်တိုင်းတာလို့ရမလဲ... ဒါတွေက ဒီအတိုင်းခန့်မှန်းချက်တွေပါ။ ငါကတော့ အပြောတွေကို မယုံကြည်ဘူး။ ငါကတော့ ချန်အန်းမြို့ရဲ့သားရဲလေ့ကျင့်သူသုံးသောင်းထဲမှာမှ ဒီရှစ်ယောက်ပဲ အုပ်ချုပ်သူအဆင့်သားရဲရှိတာကိုပဲ

သိတယ်။" နောက်တစ်ယောက်က လေသံလေးဖြင့် ပြောလိုက်သည်။

"ဒါပေါ့၊ သူတို့က ငါတို့ရဲ့အနာဂါတ်လေးတွေပဲ။" ဆံပင်ဖြူနှင့်အဆင့်မြင့်အရာရှိကြီးတစ်ဦးကလဲ ဖြည်းဖြည်းချင်းပြောလာခဲ့သည်။ "ငါတို့ လွန်ခဲ့တဲ့ ဆယ်စုနှစ်လောက်က အရိပ်အယောင်တွေ တွေ့ခဲ့ကြတာပဲ။ တရုတ်ရဲ့ ရှန့်နုန်ကျား၊ ဘရာဇီးရဲ့ အမေဇုန်မြစ်တွေ။ အမေရိကားရဲ့ အဝါရောက်ကျောက်တုံးပန်းခြံ။ အဲ့နေရာတွေထဲမှာ သားရဲအရေအတွက် အနည်းငယ် စပြီးပေါ်ထွက်လာပေမယ့် လူသားတွေကြားထဲမှာ နာမည်ကြီးမသွားခဲ့ဘူး။ ငါတို့တွေလဲ အခြေအနေတွေကို

ထိန်းချုပ်နိုင်လိမ့်မယ်လို့ တွေးခဲ့ကြပေမယ့် တကယ်တမ်းတော့ ရှုံးနိမ့်သွားကြတာပဲ။"

ထိုလူစကားစပြောလိုက်သည်နှင့် လူတိုင်း၏စကားသံများရပ်တန့်သွားကြသည်။

ထိုသတင်းသာ အပြင်ဘက်ကမ္ဘာကိုပျံ့သွားခဲ့လျှင် သေချာပေါက် တုန်လှုပ်ချောက်ချားသွားစေလိမ့်မည်။ ဒါကြောင့်ပဲ သင်ရိုးညွှန်းတမ်းများနှင့် အခြားသောမှတ်တမ်းများတွင် လွန်ခဲ့သည့် သုံးနှစ်ခွဲကမှ ပြောင်းလဲမှုတွေစတင်ဖြစ်ပေါ်ခဲ့သည်ဟု မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ထိုလူအိုကြီးပြောပုံအရ ကမ္ဘာပေါ်မှ နိုင်ငံတိုင်းက လွန်ခဲ့သည့်ဆယ်စုနှစ်ကတည်းက ပြောင်းလဲမှုများကို မြင်တွေ့ခဲ့ကြပုံပင်။

စာစဉ် ၈

“ငါကတော့ ဒီစာမေးပွဲမှာ ဘာမတော်တဆမှုမှမဖြစ်သွားစေချင်ဘူး။ စာမေးပွဲမှာ မတော်တဆမှုတစ်ခုခုသာဖြစ်သွားခဲ့ရင် ချန်အန်းစစ်တပ်ရဲ့ဂုဏ်သိက္ခာက ကမ္ဘာတစ်ဝှမ်းလုံးမှာပါ ပျက်စီးသွားလိမ့်မယ်။” ဆံဖြူအဖိုးကြီးက ဆက်ပြောခဲ့သည်။

“ဗိုလ်ချုပ်ကြီး၊ သားရဲလေ့ကျင့်သူကောလိပ်ဝင်ခွင့်စာမေးပွဲမှာတာဝန်ချထားတဲ့ စစ်သားတွေအားလုံးက စည်းကမ်းတင်းတင်းကြပ်ကြပ်နဲ့ သေချာစိစစ်ရွေးချယ်ထားတာပါ။ ပြဿနာအဖြစ်ခံကြမှာမဟုတ်ပါဘူး!” တစ်ယောက်က ပြန်ဖြေပေးသည်။ “ပြီးတော့

သားရဲလေ့ကျင့်သူကောလိပ်ဝင်ခွင့်စာမေးပွဲရဲ့ နေရာတိုင်းကိုလဲ ကင်မရာတွေအပြည့်နဲ့ စောင့်ကြည့်နေတာပါ။ ကျွန်တော်တို့ မော်နီတာတွေကို ကြည့်ဖို့ တစ်လုံးကို တစ်ယောက်စီထား,ထားပါတယ်။ ကင်မရာတိုင်းကလဲ လူတစ်ယောက်စီကို သေချာရိုက်ကူးပေးနေတာပါ။ စာမေးပွဲအတွင်း ပြဿနာတစ်စုံတစ်ရာပေါ်လာခဲ့ရင်တောင်မှ ကျူးလွန်တဲ့လူပဲ အပြစ်ပေးခံရမှာမဟုတ်ဘဲ အဲ့ဒီလူကို စောင့်ကြည့်နေတဲ့ မော်နီတာရှေ့က တာဝန်ကျသူလဲ အပြစ်ပေးခံရမှာပါ!”

“ဟုတ်ပါပြီ။” အဖိုးကြီးက ခေါင်းညိတ်လိုက်သည်။

ချန်အန်းမြို့၏အိမ်တိုင်းနီးပါးက သူတို့တီဗီများမှ လိုင်းများကို ကိုယ်ပိုင်သားရဲများကြားမှ

စာစဉ် ၈

တိုက်ခိုက်မှုအားကြည့်ရှုရန်အတွက် ပြောင်းထားကြသည်။

ဒီအစီအစဉ်က အလွန်ထူးခြားသည်။ ဒါက ကောလိပ်ဝင်ခွင့်စာမေးပွဲအတွက် လူများစွာ တစ်စုတဝေးတည်းရှိနေခြင်းဖြစ်သည်။ အိမ်တိုင်းမှာ သားတစ်ယောက် သို့မဟုတ် သမီးတစ်ယောက်တော့ ရှိတတ်ကြသည်။ လူပေါင်းများစွာက တီဗီစခရင်ပေါ်ကို သူတို့မျက်လုံးများအား ကော်ဖြင့်ကပ်ထားသလို စောင့်ကြည့်ကြပြီး ပြိုင်ပွဲစမည်ကို စောင့်နေကြသည်။

ဒါပေါ့ ပထမအဆင့်ရွေးချယ်မှုမှာတော့ လူတွေက သူတို့မြို့တွေက စာမေးပွဲကိုသာ ကြည့်ကြပေသည်။

စာစဉ် ၈

“ငါကောင်းဖန်ကို တွေ့ပြီ!” အိမ်ရှိ လီကျီကုန်းက အော်ဟစ်လိုက်သည်။ “ငါသိသားပဲ။ ကောင်းဖန်က ရည်မှန်းချက်မရှိတဲ့လူမဟုတ်ပါဘူး….”

လီကျီကုန်းကသူ့ခေါင်းကိုရုတ်တရက်ရိုက်ခံလိုက်ရပြ ြင်းဖြင့်ကြားဖြတ်ခံလိုက်ရသည်၊ “ပါးစပ်ပိတ်စမ်း! စိတ်ဝင်စားစရာကောင်းလာပြီ! နင်ပါးစပ်ပိတ်ပြီးတီဗွီသာကြည့်စမ်း!” လီဟုန်တုံ့ကသူ့ညာဘက်လက်ကိုပြန်ရုတ်ရင်းပြောလိုက်သည်၊ လီဟုန်တုံ့က သူမလက်ကိုပွတ်လိုက်သည်, လီကျီကုန်းရဲ့ခေါင်းကပိုပြီးမာသထက်မာလာပြီ…

လှောင်အိမ်ထဲရှိသားရဲများသည် ကျယ်လောင်သောအသံကိုထုတ်လွှတ်လိုက်ကြသည်၊

စာစဉ် ၈

ကောင်းဖန်က

ကြီးမားသောထရပ်ကားကြီးဝင်လာပြီး

ရပ်သွားသည်ကိုတွေ့လိုက်သည်၊

ကားနောက်ခန်းတံခါးကပွင့်သွားပြီးအပြာရောင်ရုပ်ပုံပါ

သည့် ကြီးမားသောလှောင်အိမ် ကြီးတစ်ခုပေါ်လာသည်။

ငင်းသည်အရှည်၂ဂပေနှင့်အမြင့်၇ပေရှိသည်၊

အပြာရောင်ကျောခွံသည်အလွန်လှပပြီး,

ငင်းတွင်ကြီးမားသောအမြီးရှိကာ

ကြီးမားသောလက်သည်းများမှအေးစက်သော

အလင်းရောင်ကိုထုတ်လွှတ်နေသည်။

ကြီးမားသောကင်းမြီးကောက်သည်ကြီးသည်

ငင်း၏မျက်လုံးများအားနေရောင်ခြည်မှကာလိုက်ပြီး

သူ၏လက်သည်းများကိုမြှင့်လိုက်

ရသောကြောင့်ရှုပ်ထွေးသွားပုံရသည်၊ ထို့နောက်၎င်းက သတိကြီးစွာနှင့်ဒူးထောက်ချ လိုက်သည်။

၎င်းသည်ထွက်သွားသောထရပ်ကားကိုဂရုမစိုက်ဘဲ ကောင်းဖန်ကိုလှည့်ကာကြည့် လိုက်သည်။

ကောင်းဖန်ကသူ့မျက်လုံးများကိုဖွင့်လိုက်သည်။ သူကဖလိမ်မီသည်သူ့ကိုစူးစမ်းချင်စိတ်ဖြင့်သူ့ကိုကြည့်လိုက်သည်၊ ထို့နောက်ဖလိမ်မီသည်နောက်လှည့်၍ခြံနောက်ဖက်ရှိသစ်ပင်တစ်ပင်ဆီသို့လျှောက်သွားကာငင်းအောက်တွင်ထိုင်လိုက်သည်။ သူ၏တစ်ချောင်းတည်းသောခြေထောက်ကိုကွေးလိုက်ပြီး,၎င်း၏အဖြူရောင်အတောင်ပံများကိုရုတ်လိုက်ကာသူ၏နောက်ကျောကိုသစ်ပင်အားဖိကပ်လိုက်သည်။

ကောင်းဖန်ကဒီလိုမျိုးထူးဆန်းသောအိပ်သည့်အနေအထားကို အရင်ကတစ်ခါမှမမြင်ခဲ့ဘူးပေ၊ အနီရောင်သရဖူကြိုးကြာများသည်

စာစဉ် ၈

ခြေထောက်တစ်ဖက်ပေါ်သို့ရပ်ကာ အခြား ခြေတစ်ဖက်ကို အတောင်၌ထဲသို့ထည့်ကာရပ်၍အိပ်ကြသည်? ဖလိမ်မီကဘာကြောင့် တခြားသူတွေကိုမလုပ်သနည်း?

ကောင်းဖန်ကသူ၏အတွေးများကို ဖလိမ်မီအားသွေးစာချုပ်မှတစ်ဆင့်ပို့လိုက်သည်။

ဖလိမ်မီကသူ့ခေါင်းကိုလှည့်လိုက်ပြီးကောင်းဖန်ကိုပြ ြည့်လိုက်သည်၊ ငါ့မှာခြေထောက် တစ်ချောင်းဘဲရှိတာလေ။

ပြီးတော့ မင်းကမြေပြင်ပေါ်မှမင်းရင်ဘတ်နဲ့အပ်ပြီးအိပ်မယ့်အစား မင်းနောက်ကျောကို သစ်ပင်နဲမှီပြီးအိပ်သင့်တယ်။

စာစဉ် ၈

ဖလိမ်မီကသက်ပြင်းချလိုက်ပြီးနောက် လဘက်သို့မျက်နှာမူလိုက်ပြီးအချိန်ကြာကြီး ကြည့်နေသည်၊

ထို့နောက်,၎င်းကညင်သာစွာဖြင့်ပြောလိုက်သည်, ဒါပေမယ့်ဒီလို အိပ်ရတာသက်တောင့်သက်သာရှိတယ်။

…

"တစ်ယောက်ယောက်ရှိကြလား? အထဲမှာပိုင်ရှင်ရှိလား?" ဗီလာအပြင်ဘက်တွင် ကားရပ်သည့်အသံကိုကြားလိုက်ရသည်၊ ကောင်းဖန်ကတစ်ယောက်ယောက်၏အော်သံ ကိုကြားလိုက်ရသည်။

ကောင်းဖန် တံခါးကိုဖွင့်ပေးဖို့အိမ်ရှေ့ခြံဝန်းထဲသို့သွားလိုက်သည်၊

စာစဉ် ၈

မှုန်ပျပျအလင်းက ကောင်းဖန်ကကားမောင်းသူအားရှင်းလင်းစွာတွေ့လိုက်ရသည်၊ သူကအသက်၃၀ ဝန်းကျင်ရှိလောက်ပြီး, မှုတ်ဆိတ်မွေးအကွက်လိုက်ရှိကာ,အဝါရောင်ယူနီဖောင်းကိုဝတ်ထားသည်။

“ပရိဘောဂတွေကအဆင်သင့်ဖြစ်နေပြီလား?။ အထဲကိုယူခဲ့ပေးပါ” ကောင်းဖန်က ပြောလိုက်သည်၊ သူကတံခါးကိုဖွင့်လိုက်ပြီး ပရိဘောဂများကိုသယ်ရန်အတွက် သူတို့ကိုခေါ်လိုက်သည်။

ပရိဘောဂကိုသယ်ရင်းဖြင့် နှစ်ယောက်သားတစ်စုံတစ်ခုကိုရှာဖွေနေပုံဖြင့် အိမ်ပတ်လည်ကိုကြည့်နေကြသည်။

စာစဉ် ၈

“မစ္စတာ, မင်းရဲ့အိမ်ကအတော်လေးကြီးတာဘဲ” အဝါရောင်ရှပ်အင်္ကျီနှင့်ဒါရိုက်ဘာက ရယ်လိုက်သည်၊ သူကကောင်းဖန်သည်တုံ့ပြန်မှုမရှိတာကိုတွေ့တာကြောင့်, သူ၏ရယ်မောမှုကအခြောက်တိုက်ကြီးရယ်နေသလိုဖြစ်သွားသည်။

သူတို့ကအတော်လေးမြန်ပြီး, နာရီဝက်တည်းနဲ့တင်အကုန်လုံးကိုအထဲသို့သယ်ပြီးပြီဖြစ်သည်၊ ကောင်းဖန်ကသားရဲများကိုခြံနောက်ဖေးတွင်ထားခဲ့ခြင်းဖြစ်သည်၊ သူကဘယ်သူ့ကိုမှမခြောက်လန့်ချင်ပေ။

စာစဉ် ၈

အကုန်လုံးကိုရွှေ့ပြောင်းပြီးနောက်, သူတို့၏ခွေးတွေကိုသုတ်လိုက်ကာ ကောင်းဖန်ကိုနှုတ်ဆက်ပြီးထွက်သွားကြတော့သည်။

ကောင်းဖန်ကထရပ်ကားထွက်သွားသည်ထိကြည့်နေလိုက်သည်၊ ထို့နောက်သူက လှည့်၍ဗီလာဆီသို့ပြန်လာခဲ့သည်။

ပထမအကြိမ်စာမေးပွဲရလဒ်များမထုတ်ပြန်ခင်နောက်တစ်ပတ်ရှိနေသေးသည်၊ ကောင်းဖန်သည်သမ်းဝေလိုက်ပြီးပရိဘောဂအချို့ကို စီစဉ်ရာ၌ကူညီရန်ဒမ်ဘီကို ခေါ်လိုက်သည်၊ ဒမ်ဘီသည်ထိုသို့သောအခြေအနေများအတွက်အထူးအသုံးဝင်သည်။

စာစဉ် ၈

ဗီလာတွင်အထပ်နှစ်ထပ်ရှိသည်၊ ဒမ်ဘီသည်အိမ်ထဲတွင်သက်တောင့်သက်သာဖြင့် လမ်းလျှောက်နိုင်စေရန်မျက်နှာကျက်သည် အခြားအိမ်အများစုထက်ပို၍မြင့်ထား သည်။

တစ်ဖက်မှာလည်း, တာ့ဇီကဲ့သို့ပုသောသူများသည် ဒီလိုမျိုးကိစ္စတွေအတွက်တော့ စိုးရိမ်နေစရာမလိုပေ။

ဂိတ်တံခါးကိုပြင်ဆင်သည့်လူများကနောက်တစ်နေ့တွင်ရောက်လာမည်ဖြစ်ပြီး, ကောင်းမွန်စွာဆေးသုတ်နိုင်ရန်အတွက်လည်းသုတ်ဆေးအလွှာထပ်ကလိုသေးသည်။

ကောင်းဖန်သည် အိပ်ရန်အတွက်ဆိုဖာကိုသာအသုံးပြုသောကြောင့် အပေါ်ထပ်သို့ မတက်တော့ပေ၊

စာစဉ် ၈

သူကဆိုဖာပေါ်တွင်လှဲလိုက်ပြီးသက်တောင့်သက်သာရှိမှုကြောင့်
ညီးတွားသံကိုထုတ်လိုက်ပြီးကူရှင်များထဲသို့လှဲချလိုက်သည်၊

ကြယ်များမှအလင်းရောင်သည်ပြတင်းပေါက်မှဝင်ေ ောက်လာခဲ့သည်၊ ကောင်းဖန်သည်
သူ၏မျက်လုံးကိုမှိတ်လိုက်ပြီးခဏအတွင်းမှာပင်တခေါခေါနှင့်ဟောက်တော့သည်၊

တာ့ဇီသည်ကောင်းဖန်ကိုကြည့်လိုက်ပြီး အပေါ်ထပ်သို့လာခဲ့သည်၊ သူဒုတိယထပ်ကို
ရောက်တော့, သူကအိပ်ခန်းတံခါးကိုဖွင့်လိုက်ပြီး အိပ်ယာပေါ်မှစောင်ကိုယူလိုက်သည်၊

စာစဉ် ၈

တာ့ဇီကပြုတ်ကျသွားပြီးလျှောကားပေါ်မှလိမ့်ဆင်းသွ
ားပြီးနောက် ကောင်းဖန်ပေါ်တွင်
စောင်ကိုတင်လိုက်သည်၊

သူကကောင်းဖန်အရမ်းကိုအိပ်ပျော်နေတာကိုတွေ့ေ
ော့ တာ့ဇီသည်သူခံစားချက်များ
ပျော်ရွှင်လာသည်ကြောင့်အံ့ဩနေတော့သည်၊
သူကဆိုဖာပေါ်တွင်လှဲလိုက်ပြီးသူ့သခင်
၏ဘေးတွင်ဝင်အိပ်လိုက်သည်၊
တာ့ဇီသည်ကောင်းဖန်နှင့်အတူရှိနေသရွေ့ပျော်ရွှင်
သည်၊

ညနက်နေပြီဖြစ်သည်၊

သားရဲအားလုံးသည်
တိတ်ဆိတ်စွာနှင့်အိပ်ပျော်နေကြတော့သည်၊

## စာစဉ် ၈

…

သံသယဖြစ်စရာကောင်းသောလူအနည်းငယ်သည် ဗီလာဆီသို့ဦးတည်ရွေ့လျားလာ တော့သည်၊

“ပိုင်ရှင်တစ်ယောက်တည်းဒီမှာနေတာသေချာလား? ”

“စိတ်လျှော့စမ်း,
ငါကိုယ်ပိုင်မျက်လုံးနဲ့စစ်ကြည့်ခဲ့တာ၊
တစ်ယောက်တည်းဘဲဒီမှာ နေတာ!”
သူတို့ထဲမှတစ်ယောက်ကသေချာစွာပြောလိုက်သည်၊
“အဲ့ဒီမှာသေချာပေါက် တစ်ယောက်တည်းရှိတာ!
အကယ်၍,
ငါမှားတယ်ဆိုရင်ငါအိမ်ရောက်ရင်ချီးစားပြမယ် ကွာ”

စာစဉ် ၈

"အဲ့လိုဖြစ်ရင်တော့ကောင်းတာပေါ့" အာမခံချက်ကိုကြားတော့လူတစ်ဦးက သက်ပြင်းချလိုက်သည်၊

ဗီလာရှိမီးအကုန်လုံးနီးပါးသည်ပိတ်ထားသလိုဖြစ်ေ ေသည်၊ အိမ်ရှေ့တံခါးမှ 'အဝါရောင်မှိန်ဖျော့ဖျော့မီး' ကသာနွေးထွေးသောအလင်းရောင်ကိုထုတ်လွှတ်ပေးနေ သည်၊

ယောကျ်ားသားများသည် တဖြည်းဖြည်းနှင့်နီးကပ်လာကြတော့သည်၊ သူတို့ရှုးဖိနပ်ခုံအတွင်းပိုင်းသည်အရမ်းထူသောကြောင့် သူတို့မြက်ပေါ်သို့နင်းသောအခါဆူညံမှုမရှိပေ၊

"ငါတို့ခိုးပြီးသွားရင် ပြန်ထွက်မယ်၊ ငါတို့အောင်မြင်သည်ဖြစ်စေ, မအောင်မြင်သည် ဖြစ်စေ၊"

အဖွဲ့ထဲမှအယုံကြည်ရဆုံးလူကပြောလိုက်သည်၊

“ပြီးတော့နောက်တစ်ခု၊

ဘယ်အခြေအနေမျိုးမှာမဆိုမသတ်ရဘူး၊

ငါတို့ဒီကိုလာတာခိုးဖို့သက်သက်ဘဲ၊

ဒီလိုဗီလာကြီးမျိုးတွေမှာနေတဲ့လူတွေက

သေချာပေါက်ချမ်းသာပြီးအင်အားကြီးတဲ့ သူတွေဘဲ၊

တစ်ယောက်ယောက်သေခဲ့ရင်ဒီကိစ္စကပိုပြီးကြီးကျယ်သွ

ားလိမ့်မယ်”

“နားလည်ပြီ”

နောက်ထပ်နှစ်ယောက်ကခေါင်းညိတ်ပြသည်၊

ဧည့်ခန်းထဲတွင်အရိုးစုကမတ်တပ်ရပ်နေသည်၊

ဝိဉာဉ်မီးတောက်များကဒေင်း၏မျက်ခွံ

များပေါ်တွင်ရှိနေပြီး

စာစဉ် ၈

အားနည်းသောအပြာရောင်မီးတောက်များသည်

ချက်ချင်း အားကောင်းလာတော့သည်၊

ဗီလာ၏အပြင်ဘက်တွင်,

လူကြီးတစ်ယောက်ကလက်သီးဆုပ်အရွယ်ရှိသည့်

အနက်ရောင်ပန်းအိုးကိုသူ၏

လွယ်အိတ်ထဲမှထုတ်လိုက်သည်၊

ပန်းအိုးကရုတ်တရက်တစ်ဝက်ကွဲသွားပြီး

မြစိမ်းရောင်စပျစ်နွယ်ပင်နှစ်ပင်

သည်မြေပြင်ပေါ်မှပေါ်ထွက်လာတော့သည်၊

သူတို့ကအထက်သို့အတူတကွ လိမ်ယှက်လိုက်ကြပြီး

အစိမ်းရောင်အရွက်များပေါက်လာတော့သည်၊

ကြီးထွားမှုမြန်သောကြောင့်၎င်းကိုသာမန်မျက်စိဖြင့်မြ

ြင်နိုင်သည်၊ ၎င်း၏အမြစ်များ

စတင်ထင်ရှားလာသောအခါကြီးထွားမှုရပ်သွားတော့သ
ည်၊ စပျစ်နွယ်များသည်
ခုနှစ်ပေထက်ပို၍ကြီးထွားလာခဲ့သည်၊
၎င်းတို့ကမြေပြင်နှင့်ထိနေကြပြီး ပန်းရောင်
ပန်းဖူးများနှင့်ပြည့်နေသည်၊

“ခဏနေဦး၊ မင်းသားရဲကိုအရှိန်လျှော့ဖို့ပြောလိုက်၊
ငါတို့ပစ်မှတ်ကိုနောက်ဆုံးအကြိမ် ခေတ်ငွေ့မလွှတ်ခင်
မလွှတ်စေနဲ့”
ဘေးကလူမှစိတ်ရှုပ်စွာနှင့်ပြောလိုက်သည်၊
ထို့နောက်သူကအိပ်ကပ်ထဲမှ
နှာခေါင်းစည်းကိုထုတ်ယူလိုက်သည်၊

စာစဉ် ၈

သူတို့အားလုံးခါတော်ငွေ့ကာနှာခေါင်းစည်းများထုတ်လိုက်ကြပြီး, ပန်းဖူးများသည်စတင် ပွင့်လာပြီး ပန်းရောင်တိမ်များသည်စ၍ပြန့်လာသည်၊

နောက်ထပ်နာရီဝက်လောက်စောင့်ပြီးတဲ့နောက်, သူတို့ကဗီလာထဲသို့စတင်လှုပ်ရှား ကြတော့သည်၊

ဗီလာ၏ဂိတ်တံခါးသည်
ကျိုးနေသောကြောင့်ဖွင့်ထားရသည်၊
လူတစ်ဦးကထိုနေရာသို့
ဂရုတစိုက်လမ်းလျှောက်လာသည်၊
သူကခေါင်းကိုအတွင်းဘက်သို့ရွှေ့လိုက်ပြီး
ဘေးပတ်လည်သို့ကြည့်လိုက်သည်၊

စာစဉ် ၈

ညှော့ခန်းသည်အရမ်းတိတ်ဆိတ်နေပြီး သူကလက်ကိုဖွေ့ယမ်းလိုက်ပြီးတခြားလူတွေကို လှုပ်ရှားဖို့ခေါ်လိုက်သည်၊

ဒါပေမယ့် ဘယ်သူမှသူနဲ့အတူလိုက်ဝင်မလာပေ၊ သူတို့ဘယ်ရောက်သွားတာတုန်း?

သူလှည့်ကြည့်လိုက်တော့ လရောင်အောက်တွင်ခဲရောင်အရိုးစုကသူ့ဆီသို့လျှောက် လာသည်ကိုတွေ့လိုက်ရသည်၊ အရိုးစု၏အပေါက်များမှတစ်ဆင့်သူ၏တွဲဖက်များက မြေပြင်ပေါ်တွင်လဲနေတာကိုမြင်လိုက်သည်၊ သူတို့သေလား, ရှင်လား သူမသိပေ။

စာစဉ် ၈

***

စာစဥ် ၈

# *အပိုင်း၁၂၅ သူခိုးတွေကိုရှင်းလင်း*

သူကသူခိုးတွေအတွက်သွေးဆောင်နိုင်တဲ့လူများလာ
း? ကောင်းဖန်ကအလေးအနက်ဖြင့်
ဒီမေးခွန်းအတွက်တစိမ့်စိမ့်တွေးနေသည်။

သူကဆိုဖာပေါ်တွင်ထိုင်လိုက်သည်၊
ငတုံးသူခိုးသုံးကောင်ကတော့သူ့ရှေ့တွင်
ဒူးထောက်လိုက်သည်။
သူတို့ထဲကတစ်ယောက်ကခေါင်းငုံ့ထားပြီး
သူ၏မျက်ခုံးပေါ်မှ
ချွေးများကတစ်စက်စက်စီးကြနေသည်။

“ငါတို့အရင်ကဆုံဖူးလား?”
ကောင်းဖန်ကရုတ်တရက်မေးလိုက်သည်။

စာစဉ် ၈

“ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ မစ္စတာ, မင်းအတွေးလွန်နေပြီ” သူခိုးကကို့ရှိ့ကားရားဖြစ်စွာဖြင့်ရယ်လိုက်သည်။

“….မစ္စတာ?”

သူခိုးကသူဘာပြောလိုက်တာတစ်စုံတစ်ခုမှားသွားပြီဖြစ်ကြောင်း သတိထားမိသွားသောအခါသူကပါးစပ်ပိတ်နေလိုက်သည်။

ကောင်းဖန်ကဒါကိုအရင်ကတွေးမထားမိပေမယ့် ဒီလူကသူ့ကိုမစ္စတာလို့ခေါ်တော့ သူ့ကိုဘယ်သူလဲဆိုတာသိသွားစေသည်။

ဒီလူကပရိဘောဂဆိုင်ကလူမဟုတ်ပါလား?

စာစဉ် ၈

“မေးစရာရှိတယ်…”

ကောင်းဖန်ကမျက်မှောင်ကြုတ်လိုက်သည်၊

“ခင်ဗျားတို့က

ဘာလို့ကျနော့်အိမ်ကိုချိုးဖျက်ဖို့ရွေးကြတာလဲ?ငါကတုံး

အပြီးပိုက်ဆံအများကြီးရှိတဲ့

သူတွေထဲကတစ်ယောက်လို့ထင်နေကြတာလား?”

ဖလိမ်မီကအတောင်များကိုတဖျပ်ဖျပ်ခတ်ကာရယ်

လိုက်သည်၊ သူကဘာကိုရယ်မိမှန်း မသိပေ။

တာ့ဇီကမတ်တပ်ရပ်လိုက်ပြီး

သူ့ခေါင်းနောက်ကိုတစ်ချက်ရိုက်ချလိုက်သည်၊

သူကသခင့်ကိုရယ်ဖို့ခွင့်မပြုနိုင်ဘူး!

“ငါ…ငါ…”သူခိုး၏နှုတ်ခမ်းများကစတင်ပြီးတုန်ယင်

လာသည်၊ သူကရုတ်တရက်

စာစဉ် ၈

ဘာပြောရမှန်းမသိတော့ပေ၊

သူကမျက်ရည်များပင်ကျလုနီးပါးဖြစ်နေပြီဖြစ်သည်။

လုယက်ခြင်းမှလွဲပြီး လူတစ်ဦး၏အိမ်ကိုဖောက်ထွင်းဝင်ရောက်သည့်အကြောင်းအရင်းမရှိပေ၊

သူကထိုသူချမ်းသာတာကိုမြင်လိုက်သည်,

ပြီးတော့ဒီမှာလူအများကြီးလည်း သိပ်မနေဘူး,

ဒါကြောင့်လေ,

သေချာတာပေါ့,သူ့ဆီကနေခိုးချင်သွားတာ!

ဘာပြောစရာရှိနေဦးမှာလဲ?

ဒါပေမယ့်သူဒါကိုမပြောရဲပေ, ဘာကြောင့်လဲဆိုတော့ သူသေမှာကြောက်လို့ဖြစ်သည်။

စာစဉ် ၈

ဘုရားမပေလို့ဘဲထိုအရိုးစုက သူ့ကိုသေတဲ့အထိမခြောက်လှန့်ပေ၊ ညဉ့်သန်းခေါင်ယံ၌ အရိုးစုတစ်ခုကသူ့နောက်မှပေါ်နေခြင်းသည် အတော်လေးကိုကြောက်လန့်ဖို့ကောင်းလှ သည်။

ဒီလူကအရိုးစုအိမ်မွေးတိရိစ္ဆာန်ကိုမွေးထားတာဖြစ်ေ ေကြောင့်, သူကသေချာပေါက် ကောင်းမွန်တဲ့လူမဖြစ်နိုင်ဘူး၊

ကောင်းဖန်ကကို့ရို့ကားရားဖြစ်သွားသလိုခံစားသွား ရသည်၊ သူကနားထင်ကိုဖိနှိပ် လိုက်သည်။ သူတို့သုံးယောက်ကသူတို့၏တောင်းပန်မှုမှာ အတော်လေးရိုးသားကြပြီး ရှန်းမထွက်နိုင်မှန်းသိသည့်အခါတွင်လည်း အပြစ်ကိုဝန်ခံဖို့အတွက်အဆင်သင့်ရှိကြ သည်။

စာစဉ် ၈

သူတို့ကိုသတ်ပြီးဆင်ခြေဖုံးရပ်ကွက်မှာမြှုပ်ဖို့ရွေးချယ်မယ်ဆိုရင်တောင်ဘယ်သူမှ သိမှာမဟုတ်ပေ၊

သို့သော်လည်းကောင်းဖန်သည်သူ့ကိုယ်ပိုင်စံနှုန်းကိုထိန်းသိမ်းသူဖြစ်သည်။သူက သူတော်စင်မဟုတ်, သူ့ကိုဆန့်ကျင်တဲ့သူများကို ပြုံးပြပြီးခွင့်လွှတ်တတ်သူမဟုတ်ပေ၊ သူ့စတိုင်ကမျက်လုံးတစ်လုံးဆို မျက်လုံးတစ်လုံး, သွားတစ်ချောင်းဆိုသွားတစ်ချောင်း ဖြစ်သည်၊ တစ်ချိန်တည်းမှာပင်, သူ့နှလုံးသားထဲ၌လည်းတရားမျှတမှုရှိသည်!”

“ကျွန်တော်ခင်ဗျားတို့ကိုမသတ်ဘူး… ခင်ဗျားတို့ကသတ်ဖို့တွေးမထားကတည်းကဘဲ၊ ခင်ဗျားတို့ကခိုးဖို့ဘဲရည်ရွယ်လိုက်တာကံကောင်းသွားတာ

ယ်” ကောင်းဖန်က သမ်းဝေ လိုက်သည်၊ ညသန်းခေါင်ယံကြီးနိုးလာရတယ်ဆိုတာအတော်လေးပ င်ပန်းစေသည်။

တခြားနှစ်ယောက်ကကောင်းဖန်ကိုကျေးဇူးတင်စွာ ြ ြင့်ကြည့်လိုက်သည်၊ သူက ဆုံးဖြတ်ချက်တွေမှာအလွန့်အလွန်ကိုလိမ္မာပါးနပ်လှသ ည်! သူ၏စကားများကြောင့်, သူတို့ကအသက်ရှင်တော့မည်၊

တဲ့ဇီကရဲကိုဖုန်းခေါ်လိုက်သည်၊

ဖုန်းခေါ်ဆိုမှု၏တစ်ဖက်မှလည်း, “ဟယ်လို, ကွမ်ချိုင်လမ်းဟုန်ဟဲ့ခရိုင်ရဲစခန်းကပါ”

ဟာဇ်,ဟာဇ်,ဟာဇ်,ဟာဇ်, တဲ့ဇီကပြောလိုက်သည်။

စာစဉ် ၈

တဲ့ဇီက တစ်ဖက်မှမတုန့်ပြန်ဘူးဆိုတာကို သဘောပေါက်ပြီး စိတ်ပူပန်စွာဖြင့်နောက်ထပ် တဟာဇ်ဟာဇ်လုပ်ကာပြန်ပြောလိုက်သည်။

ဖုန်း၏တစ်ဖက်ရှိ ရဲကလည်းကြောင်အမ်းအမ်းဖြစ်သွားသည်၊

ကောင်းဖန်ကတဲ့ဇီဆီမှဖုန်းကိုယူသွားလိုက်သည်၊ ဒီငတုံးလေးကတော့၊ သူကတဲ့ဇီဂဏန်းသုံးလုံးကိုသာရိုက်စေချင်တာဖြစ်ပြီး, သူ့ကိုစကားပြောဖို့အတွက် မပြောထားပေ၊ တစ်ဖက်ကလည်းသူဘာပြောလဲဆိုတာကိုနားလည်မှာမဟုတ်ပေ။

ကောင်းဖန်ကအိမ်မှာရှိတဲ့အခြေအနေကိုရဲအားအပြေ ြောင်းကြားတော့, တစ်ဖက်မှ

တစ်ယောက်ယောက်ကိုချက်ချင်းပို့ပေးမယ်လို့ပြောခဲ့သ
ည်။

ဆယ်မိနစ်ခန့်အကြာတွင်ရဲကားတစ်စီးရောက်ရှိလာ
ပြီး သူခိုးသုံးဦးကိုလက်ထိပ်ခတ် လိုက်သည်၊
ရဲကကောင်းဖန်ကို ရဲစခန်းအားလိုက်ခဲ့ရန်မပြောဘဲ,
အချို့သော
အချက်အလက်များကိုထိုနေရာမှာဘဲယူလိုက်သည်။

ရဲနှင့်စကားပြောပြီးနောက်,
ထိုသုံးဦးသည်ပုံမှန်ပြစ်မှုကျူးလွန်နေသူများဖြစ်ကြောင်း
ကောင်းဖန်သိလိုက်ရသည်၊
သူတို့ကအလွန်ဂရုတစိုက်ရှိကြတာကြောင့်,
ဘယ်တုန်းကမှမဖမ်းမိခဲ့ပေ။

စာစဉ် ၈

“မင်းကအိမ်မှာတစ်ယောက်တည်းဆိုရင်, ညတွေမှာဂရုစိုက်ဖို့လိုတယ်၊ ချန်အန်းမြို့က ညတွေဆိုရင်အတော်လေးအန္တရာယ်များတယ်၊ အကယ်၍မင်းမှာပြဿနာရှိရင်, ငါတို့ကိုချက်ချင်းဆက်သွယ်လိုက်ပါ။” တာဝန်ခံရဲကကောင်းဖန်ကိုသတိပေးလိုက် သည်။

ကောင်းဖန်ကသူနားလည်ကြောင်းပြရန်ခေါင်းညိတ်လိုက်သည်၊ အဝေးမှရောက်လာရသောရဲသားအတွက် အချိုရည်အနည်းငယ်ထည့်ပေးလိုက်သည်။

“မလိုပါဘူး,ကျေးဇူးတင်ပါတယ်” ရဲ၏ဖုန်းကမြည်လာပြီး အဝင်ဖုန်းကိုတုန့်ပြန်လိုက်သည်၊ သူကကောင်းဖန်ကိုပြုံးပြလိုက်ပြီး, လှည့်ကာထွက်သွားတော့သည်။

စာစဉ် ၈

“ဟင်, ဆီလီဘယ်မှာလဲ?”

ကောင်းဖန်ကရုတ်တရက်သူ့အိမ်ကိုပြန်လာကတည်းက ဆီလီကိုမမြင်မိလိုက်တာသတိရသွားသည်၊ သူတို့ညစာစားတော့လည်းမတွေ့ရဘူး။

“တာ့ဇီ, ဆီလီကိုကူရှာပေးစမ်းပါ”

ကောင်းဖန်ကတာ့ဇီခေါင်းကိုပုတ်လိုက်ပြီးပြော လိုက်သည်၊

တာ့ဇီကခေါင်းညိတ်လိုက်ပြီးအပေါ်ထပ်သို့တက်သွာ းတော့သည်၊ ခဏလောက်ကြာ ပြီးနောက်,သူကဂျယ်လီငါးနှင့်အတူပြန်၍လိုက်ပါလာသ ည်၊

ကောင်းဖန်ကပုံမှန်အားဖြင့်ဆိုးသွမ်းသောဆီလီက အလွန်တိတ်ဆိတ်နေသည်ကို သတိပြုမိသည်၊

စာစဉ် ၈

“ဒီကိုလာ”

ကောင်းဖန်ကသူ့လက်ကိုဝှေ့ယမ်းလိုက်သည်၊

ဆီလီကခဏလောက်တုံ့ဆိုင်းနေပြီးနောက်

ပျံဝဲကာသွားလိုက်သည်၊

ဒါကဆီလီအရမ်းကြောက်ရွံ့နေသည်ကို

ပထမဆုံးမြင်ဖူးတာဖြစ်ပြီး,

သူကအစင်းလေးသည်ဆီလီထဲကို

ဝင်ပူးနေသည်ဟုပင်ထင်လုနီးပါးဖြစ်သွားသည်၊

၎င်းကကောင်းဖန်ခေါင်းပေါ်ရောက်ဖို့

ကိုအတော်လေးသွားလိုက်ရသည်၊

ကောင်းဖန်ကဖလိမ်မီကိုကြည့်လိုက်ပြီး

ဆီလီဘာကြောင့်တအားကြောက်နေလဲဆိုတာကိုနားလ

ည်လိုက်သည်၊

စာစဉ် ၈

ဖလိမ်မီက ဆီလီသူ့ကိုရှောင်နေသည်ကိုမပျော်ပါ၊ ဆီလီသည်ဘဝဲလက်များကိုပြန် ရုတ်လိုက်သည်၊ သူကကောင်းဖန်၏မျက်နှာကိုတင်းတင်းကြပ်ကြပ်ဆုပ်ကိုင်လိုက် သည်၊

ကောင်းဖန်

ခြေထောက်တစ်ချောင်းတည်းဖြင့်ရပ်နေသောဖလိမ်မီကို ြည့်လိုက်သည်၊ သူကရုတ်တရက်ဒီအနီရောင်သရဖူနဲ့ကြိုးကြာကို တချို့တချို့ရင်းနှီးနေတာသတိထား မိလိုက်သည်၊ သူကဖလိမ်မီကိုထူးဆန်းသောအမူအရာဖြင့်ကြည့်လိုက်သည်,

အကယ်၍သူသာဆက်ပြီးတိုးမြှင့်နေဦးမယ်ဆိုရင်ဖလိမ်မီက အဲ့ဒီလမ်းကြောင်းကို ပြောင်းလဲဦးမှာလား?

စာစဉ် ၈

နတ်ဘုရားငှက်, ပီဖန်း။

ငင်းကရှေးခေတ်က ကျက်သရေရှိသောဒဏ္ဍာရီလာသားရဲဖြစ်ပြီး, စစ်ပွဲနတ်ဘုရား၏ အိမ်မွေးတိရိစ္ဆာန်ဖြစ်သည်၊ ငင်းကဘယ်ကိုသွားသွား, မီးများကလိုက်ပါလာသည်၊ ဒဏ္ဍာရီထဲတွင်, ပီဖန်းကလည်းခြေထောက်တစ်ချောင်းတည်းရှိတာဖြစ်ပြီ းငင်းက ကြိုးကြာပုံစံကဲ့သို့ပင်ဖြစ်သည်။ သို့သော်, သူ၏အမွေးများကအပြာဖြစ်ပြီးအဖြူ မဟုတ်ပေ၊

ဒါပေမယ့် ဒါကဒဏ္ဍာရီသက်သက်သာ...

ကောင်းဖန်ရုတ်တရက် အနည်းငယ်မသိုးမသန့်ဖြစ်သွားသလိုခံစားလိုက်ရသည်၊ ကောင်းဖန်က

အိပ်ပျော်နေသောသရဖူနီကြိုးကြာကိုမြင်သောအခါ ထိုရှေးခေတ်ကလူများသည် မှားယွင်းသောခန့်မှန်းမှုကိုပြုလုပ်ခဲ့သည်ဟုတွေးမိလိုက်သည်၊

အကယ်၍ရှေးခတ်ကတစ်စုံတစ်ယောက်မှ သရဖူနီကြိုးကြာသည်ခြေထောက်တစ်ဖက်တည်းဖြင့်အိပ်နေသည်ကိုမြင်သွားပါက, သူတို့သေချာပေါက်ကိုအော်လိမ့်မည်, “ဘုရားရေ! ဒါကခြေတစ်ချောင်းတည်းသားရဲဘဲ၊ ဒါဆိုဒဏ္ဍာရီလာသားရဲပေါ့!” ပြီးနောက်သူက ဒဏ္ဍာရီလာသားရဲကိုတွေ့ခဲ့ကြောင်းကို တခြားသူများသို့ပြောပြရန် အိမ်သို့အမြန်ပင်ပြေးသွားလိမ့်မည်၊

နောက်တစ်ယောက်ကသူ့ကိုနှစ်သိမ့်ပေးပြီးပြောမည်, "စိတ်လျှော့, စိတ်လျှော့, ဒဏ္ဍာရီလာသားရဲရဲ့အမည်ကဘာတဲ့လဲ?"

နာမည်ကဘာလဲ?

ထိုလူကအံ့ဩသွားလိမ့်မည်၊ ငါဘယ်လိုလုပ်သိမှာလဲ? ပြီးတော့ရုတ်တရက်အမှတ်တမဲ့စာလုံးတစ်လုံးကိုရွေးလိုက်သည်၊ ပီ..ပီ…ပီဖန်း။

"အဲ့ဒီဒဏ္ဍာရီလာသားရဲကို ပီဖန်းလို့ခေါ်တယ်!"

အကယ်၍တစ်ယောက်ယောက်က ငါ့ကိုဒီသားရဲကတကယ်လို့အခုပြောရင်ယုံမိလိမ့်တအားကိုယုံမိလိမ့်မည်၊

စာစဉ် ၈

ကောင်းဖန်အနည်းငယ်ထိတ်လန့်သွားသလိုခံစားလိုက်ရသည်၊

ဒါပေမယ့် သားရဲတွေကရှိနေပြီးဖြစ်သည်၊ ကောင်းဖန်ကသူကသူ့အတွေးတွေထဲမှာ အရမ်းကိုလက်ခံရန်အသင့်ဖြစ်နေပြီဟုခံစားလိုက်ရသည်၊

သူကဆီလီ၏ခေါင်းကိုသက်တောင့်သက်သာနှင့်ပုတ်လိုက်ပြီး ဒီငတုံးသတ္တဝါလေး ကတော့၊ ၎င်းကသူ၏ခေါင်းပေါ်တွင်ရှိနေသေးသည်၊

"အိပ်ကြရအောင်"ကောင်းဖန်ကအချိန်ကိုကြည့်လိုက်သည်၊၊သုံးနာရီတောင်ထိုးနေပြီဖြစ်သည်၊ မကြာခဏနောက်ကျမှအိပ်လျှင် ကျောက်ကပ်အတွက်မကောင်းပါ။

...

နေရောင်သည်မျက်လုံးပေါ်သို့ကျလာသောအခါ ကောင်းဖန်ကနိုးလာတော့သည်၊ သူကမျက်လုံးကိုဖွင့်လိုက်ပြီး သူကမှုးဝေနေဆဲဖြစ်သည်၊ ပြီးနေ့အစားအစာချက်ပြုတ် ရန်အတွက်ထသွားတော့သည်၊

တာ့ဇီကစတီးခွက်အသေးလေးကိုစိုက်ကြည့်နေပြီး သခင်၏နောက်ကိုကြည့်ရန် မီးဖိုချောက်ဘက်သို့ပြေးသွားပြီး, မျှော်လင့်ချက်ဖြင့်စတီးခွက်ကိုတဂွက်ဂွက်ရိုက်တော့ သည်၊

စွပ်ပြုတ်လုပ်ပြီးတဲ့နောက်, ကောင်းဖန်သည်အစားအသောက်အချို့ကိုတာ့ဇီရဲ့

စာစဉ် ၈

စတီးခွက်ထဲသို့လောင်းထည့်ပေးလိုက်သည်၊

တာ့ဇီသည်ခွက်ကိုမှီကာ စစားတော့ သည်၊

အစင်းလေးသည်သေးငယ်သောစတီးခွက်ကလေး

ကိုဆွဲလာပြီး ကောင်းဖန်ဆီသို့ လျှောက်သွားတော့သည်၊

သူကကျောင်းသားကဲ့သို့အရိပ်အယောင်ပုံစံဖြင့်ဘူးဖေး

တွင်

သူ့အလှည့်ကျအစာကိုရရန်စောင့်နေသည့်ပုံနှင့်တူသည်၊

ဒမ်ဘီ၏ပါးစပ်ထဲတွင်တော့

ယင်ခတ်သစ်ကတိုးပင်ငါးပင်ကိုအတူတကွချည်နှောင်

ထားသည်၊ သူကမီးခိုးငွေ့များကိုမှုတ်ထုတ်လိုက်သည်၊

ဖလိမ်မီသူတို့၏အစားအစာများရဖို့ကိုတန်းစီနေသေ

ာ သားရဲမိသားစုဝင်များကိုကြည့် လိုက်သည်၊

ငှင်းကရယ်လိုက်သည်၊

စာစဉ် ၈

သူကသူ့ရဲ့မြင့်မားသောအသိဉာဏ်ကြောင့်
သာလွန်သောခံစားချက်ကိုခံစားနေရပြီး
ဒီမြေပေါ်ပိုင်းတိရိစ္ဆာန်များသည်အလွန်မိုက်မဲ
သည်ကိုတွေးမိလိုက်သည်၊
သူတို့ကအစာရှိလို့ကျေနပ်နေကြသည်၊

“ဟေ့, ဖလိမ်မီ၊ မင်းစားချင်လား?
ငါဒီနေ့ငါးစွပ်ပြုတ်လုပ်ထားတယ်၊ အနံ့လေးက
အရမ်းကောင်းတာဘဲ”,
ကောင်းဖန်ကမီးဖိုချောင်ထဲမှခေါင်းလေးထွက်ကာ
ချောင်းကြည့်လိုက်ပြီးအော်လိုက်သည်၊

ဖလိမ်မီက ရယ်လိုက်သည်၊ အပိုတွေလာလုပ်မနေနဲ့၊
ငါမင်းရဲ့အစားအစာတွေကို မစားဘူး၊

အနံ့က မီးဖိုချောင်ထဲမှ

ညှော်ခန်းထဲသို့ပြန့်ဝင်လာသည်၊

ဖလိမ်မီကနှာတရှုပ်ရှုပ်လုပ်လိုက်ပြီး

စ၍သရေကျနေတော့သည်၊

ဖလိမ်မီက သူ့မျက်လုံးတွေကိုလှည့်လိုက်ပြီး,

သူ့လည်ချောင်းကိုရှင်းလိုက်ကာ,

တကျည်ကျည်မြည်လိုက်သည်၊

မီးဖိုချောင်ထဲကဘယ်သူကမှ တုန့်ပြန်မှုမပေးပေ၊

သူကဘယ်လိုတောင်

ဒီလိုကြီးဟန်ဆောင်နိုင်ရတာလဲ!

ဖလိမ်မီကတွေးလိုက်သည်၊

စာစဉ် ၈

ကောင်းဖန်က ငါးစွပ်ပြုတ်ကိုပန်းကန်လုံးထဲသို့ပျော်ပျော်ကြီးလောင်းထည့်လိုက်သည်၊ ဒီနေ့တော့ ငါးဦးနှောက်လေးကျန်နေသေးတယ်၊ ဒါကသူစားဖူးသမျှထဲမှာအချိုမြိန်ဆုံး တစ်ခုဖြစ်တယ်ဆိုတာသေချာတယ်၊

***

စာစဉ် ၈

# *အပိုင်း၁၂၆ အသက်ကယ်စွမ်းရည်သစ်*

ကောင်းဖန်က သူ၏ငါးစွပ်ပြုတ်ပန်းကန်လုံးကို ညစာစားပွဲပေါ်၌တင်လိုက်သည်၊ သူကမီးဖိုချောင်ထဲသို့ပြန်သွားလိုက်ပြီး တူသွားယူလိုက်သည်၊

သူမီးဖိုချောင်ထဲမှပြန်ထွက်လာတော့, သူကပန်းကန်လုံးနားတွင်မတ်တပ်ရပ်နေပြီး ထိုထဲသို့တို့ဆိတ်စွာလုပ်နေသောအဖြူရောင်ပုံရိပ်ကိုမြင် လိုက်သည်၊ ဖလိမ်မီက ကောင်းဖန်ပြန်လာတာကိုမြင်တော့လျင်မြန်စွာဖြင့်သူ၏ အတောင်များကိုတဖျပ်ဖျပ် ခတ်ကာပျံထွက်သွားသည်။

စာစဉ် ၈

ကောင်းဖန်ကကြက်သေသေနေတော့သည်၊ ဖလိမ်မီကအခုလေးတင်မစားချင်ဘူးလို့ ပြောလိုက်တာမဟုတ်ဘူးလား?

ကောင်းဖန်သည်ထမင်းစားပွဲတွင်ထိုင်လိုက်ပြီးပန်းကန်လုံးကိုမွှေရန်အတွက်တူများကို သုံးလိုက်သည်၊ သူမျက်လုံးများကပြူးကျယ်သွားတော့သည်၊ ဘာလို့သူ့ပန်းကန်ထဲမှာ စွတ်ပြုတ်တွေဘဲကျန်တော့တာလဲ? ငါးခေါင်းကဘယ်ရောက်သွားပြီလဲ? အာလူး? သူ့ဘေးကဟင်းခွက်တွေကော?

“ဒီငတုံးကောင်ကတော့!”

အဆုံးမှာတော့,ကောင်းဖန်သည်ခေါက်ဆွဲတစ်ပန်းကန်အတွက်လက်ကျန်စွပ်ပြုတ်တွေ

စာစဉ် ၈

အားဟင်းရည်အဖြစ်အသုံးပြုခဲ့ရသည်၊ ထမင်းစားပြီးတာနဲ့မီးဖိုကိုသန့်ရှင်းရေးလုပ် သည်၊ သတင်းများကိုရှာဖွေကြည့်ရန်နှင့်ဖိုရမ်များအားရှာဖွေရန် သူ၏ကွန်ပြူတာကို ဖွင့်လိုက်သည်၊

ရုတ်တရက်သူအရမ်းစိတ်ဆိုးသွားတော့သည်၊ ဒါကသူအရင်ကတစ်ခါမှမခံစားဘူးတဲ့ ဒေါသတစ်မျိုးဖြစ်သည်။

တီဗွီတွင်ပင့်ကူစီးပြီးဦးထုပ်စိမ်းဆောင်းထားသောေ ောင်လေးဟူ၍ပြောထားသည်၊ ချန်အန်းမြို့စာမေးပွဲတွင်အုပ်ချုပ်သူအဆင့်သားရဲများအ ားစိန်ခေါ်သည့်ပြိုင်ပွဲဝင်ရှစ်ဦး တွင်အသန်မာဆုံးသူတစ်ယောက်ဖြစ်ကြောင်းတစ်စုံတစ်

ယောက်ကသိသွားတော့ သည်၊ ဒီအခြေအနေကပိုပြီးဆိုးဝါးစေသည်။

တမဟုတ်ချင်းမှာပင်,ဖိုရမ်များ၌ ထိုဖြစ်ရပ်အတွက်ဆွေးနွေးသည့်ခေါင်းစဉ်များဖြင့် ပြည့်လျှံသွားတော့သည်၊ ထိုသတင်းများသည်အနီးအနားရှိမြို့အချို့ကိုပါရောက်ရှိသွား သည်။

“ငါအံ့သြမိတယ်၊ လမ်းပေါ်ကလှပတဲ့ဂျာနယ်လစ်အမျိုးသမီးရဲ့ခေါင်းပေါ်မှာ အစိမ်းရောင်ဦးထုပ်ကြီးရှိနေတယ်လေ။ ဒါကဘယ်လိုအခြေအနေမျိုးလဲ?”

“ပင့်ကူစီးတဲ့လူငယ်ကဒီလိုစိတ်ဝင်စားမှုမျိုးရှိတယ်ပေါ့? အံ့သြစရာကောင်းလိုက်တာ!”

စာစဉ် ၈

ကောင်းဖန်ကထိုခေါင်းစဉ်များကိုနေရာအနှံ့တွင်ရှာတွေ့
သည်။

သူကစိတ်ပျက်သွားပြီး
ဒီလိုမျိုးရေးတဲ့လူတွေကိုရိုက်ချင်နေသည်၊
ဒါကတော့အရမ်း လွန်သွားပြီ!
ကံကောင်းစွာနဲ့ဘဲ,၎င်းတို့ကသတင်းခေါင်းစီးတွင်သာရှိေ
ေသည်။

ဒါပေမယ့်ခဏလေး–
ဝက်ဘ်ဆိုက်တစ်ခုကဗီဒီယိုတစ်ခုရှိနေတယ်။

ကောင်းဖန်ကချန်အန်းတီဗွီထုတ်လွှင့်မှုဌာနမှဗီဒီယို
ကိုဖွင့်ကြည့်လိုက်သည်၊ အမျိုးသမီး
သတင်းထောက်ကမိုက်ကရိုဖုန်းဖြင့်ပြေးလာသည်၊

စာစဉ် ၈

ကင်မရာမန်းကအတော်လေး ကောင်းမွန်သည်, ဗီဒီယိုတစ်ခုလုံးတွင်လှုပ်ယမ်းခြင်းမရှိပေ။

ကောင်းဖန်ကသူ့ကိုယ်သူမြင်လိုက်ရသည်။

ထိုမျက်လုံးများ, ထိုနှာခေါင်း,ထိုမျက်ခုံး၊ သူ့လျှာသူကိုက်လိုက်ပြီးကင်မရာမန်း၏ ရှုထောင့်ရိုက်ချက်တွေဘယ်လောက်ကောင်းကြောင်းကို အံ့သြနေသည်၊ ကောင်းဖန်က သူ့ကိုလက်မထောင်ပြချင်သွားသည်။

နောက်တော့သူ့ကိုယ်တိုင်ကအင်တာဗျူးအားငြင်းပယ်ပြီးထွက်သွားတာကိုတွေ့လိုက်ရသည်၊ သူထွက်သွားတော့အရမ်းကြည့်ကောင်းတာဘဲ။

စာစဉ် ၈

ဗီဒီယိုကအစိမ်းရောင်ဂျယ်လီငါးတစ်ကောင်ပျံဝဲလာသည့်အရေးကြီးဆုံးအစိတ်အပိုင်းသို့ရောက်နေပြီဖြစ်သည်၊

၎င်းကကောင်းကင်မှရောင်ခြည်တန်းဖြာကျလာသလိုနိမ့်ဆင်းလာပြီးဂျာနယ်လစ်သတင်းထောက်အမျိုးသမီး၏ခေါင်းပေါ်သို့ကျသွားတော့ သည်။

ဗီဒီယိုထဲတွင်အမျိုးသမီးသတင်းထောက်၏မျက်နှာကစတင်ပြောင်းလဲလာပြီဖြစ်သည်၊

၎င်းကအတော်လေးဖျော်ဖြေမှုဖြစ်ခဲ့သည်၊

သူမ၏တုန်ယင်နေသောလက်များက

ခေါင်းကိုထိလိုက်ပြီးစိုစွတ်နေသောအရာတစ်ခုကသူမကိုပြုံလဲလုနီးပါးဖြစ်စေသည်၊

စာစဉ် ၈

ဗီဒီယိုထဲကအကောင်းဆုံးစာကြောင်းကိုပြောပြီဖြစ်သည်။

"ငါ့ခေါင်းပေါ်မှာဘာရှိနေတာလဲ?"

"သရဖူ"

ဒီစာကြောင်းကများစွာသောလူများကိုဟာသဖြစ်သွားစေသည်။

"ကွမ်ယွိ, ငါ့ခေါင်းပေါ်ကဘာကြီးလဲလို့?"

"အကိုကြီး, အဲ့တာကစွမ်းအင်ဘဲ"

….

စီချွမ်အောင်ပရာမှာမျက်နှာပြောင်းတဲ့ပြဇာတ်လိုဘဲဖြစ်နေသည်၊ အနီရောင်မှ အဖြူရောင်သို့, အဖြူရောင်မှအစိမ်းနုရောင်သို့

နောက်ဆုံးတွင်စိမ်းပြာရောင်မှ အနက်ရောင်သို့ပြောင်းသွားတော့သည်၊

သူမ၏ပုံရိပ်ကိုထိန်းသိမ်းရန်အတွက်အမျိုးသမီးသ တင်းထောက်ပြုံးလိုက်သည်၊ သူမသည်ကောင်းဖန်ဆီသို့အလျင်အမြန်ဘဲပြေးသွားလို က်သည်။

ဂျာနယ်လစ်အမျိုးသမီးသည် ‘သရဖူဘုရင်မ’ဆိုသောအမည်ပြောင်ကိုရခဲ့သည်၊

ကောင်းဖန်ကသက်ပြင်းချလိုက်သည်၊ ဒါက…သူကအမျိုးသမီးသတင်းထောက်ကို စိတ်ထဲမှတောင်းပန်လိုက်သည်၊ သူကဝက်ဘ်ဆိုက်ပေ့ချ်ကိုတုန့်ဆိုင်းမှုမရှိဘဲ ပိတ်လိုက်တော့သည်၊

သူကကြည်လေလေပိုအပြစ်ရှိသလိုခံစားရမှာကိုကြော
က်သည်၊

...

ဒမ်ဘီကိုအုပ်ချုပ်သူအဆင့်သို့တိုးမြှင့်ပြီးနောက်ကေ
ာင်းဖန်သည်သူ၏ခန္ဓာကိုယ်တွင်
အသစ်အဆန်းတစ်ခုရှိနေသလိုခံစားနေရသည်၊
ထိုခံစားချက်ကိုသူအလွန်ရင်းနှီးသည်။
ဒမ်ဘီသည်နတ်က္ခတာရာပြောင်းလဲခြင်းစွမ်းရည်ကိုရခြင်
းတွင်လည်းထိုကဲ့သို့ခံစားခဲ့ရ သည်။

သူကမျက်စိကိုမှိတ်ထားလိုက်သည်။
ကောင်းဖန်ကကိုယ်ပိုင်အသိဉာဏ်ထဲသို့
သွေးစာချုပ်ကနေတစ်ဆင့်,ဆင့်ခေါ်လိုက်သည်၊

စာစဉ် ၈

သူ၏အသိဉာဏ်အမှောင်ထဲတွင်သူ၏သားရဲငါးကော
င်အရိပ်ငါးခုကပေါ်လာသည်၊
ကောင်းဖန်ကတစ်စုံတစ်ခုကိုစစ်ဆေးပြီးနောက်မှာတော့
မျက်လုံးကိုဖွင့်လိုက်ပြီး,
ထူးဆန်းသောအမူအယာကသူ့မျက်နှာတွင်ဖြစ်ပေါ်နေသ
ည်။

တစ်ချို့သောသားရဲများကအုပ်ချုပ်သူအဆင့်သို့တိုးမြ
ြှင့်လိုက်လျှင်အသစ်သော
အသက်ကယ်တင်ခြင်းစွမ်းရည်များကိုရရှိကြသည်။သား
ရဲများသည်အချိန်တိုင်း
အုပ်ချုပ်သူအဆင့်,ကေရာဇ်အဆင့်,
ကြီးမြတ်သူအဆင့်တိုးမြှင့်လျှင်,
အသက်ကယ်တင်ခြင်းစွမ်းရည်အသစ်ကိုရရှိသည်။

စာစဉ် ၈

သူတို့၏အဆင့်တွေကြာလာလေ, သူတို့၏အသက်ကယ်တင်ခြင်းစွမ်းရည်တွေက သန်မာလာလေဖြစ်သည်။

သွေးစာချုပ်မှ မှာကြားချက်တစ်ခုလက်ခံရရှိလိုက်သည်။

“တိုက်ပွဲတွေကသားရဲတွေကဘဲကိုင်တွယ်သင့်တယ်၊ သားရဲလေ့ကျင့်ပေးသူတွေက သားရဲတွေရဲ့နောက်မှာဘဲပုန်းနေသင့်ပြီး တိုက်ခိုက်မှုမှာဝင်ပြီးမနှောက်ယှက်သင့်ဘူး၊”

ကောင်းဖန်၏မျက်နှာပေါ်တွင်ထူးဆန်းသောအမူအရာဖြစ်နေတော့သည်၊

စာစဉ် ၈

သားရဲလေ့ကျင့်သူတွေကအရင်မျိုးဆက်မှကိုင်တွယ်လုပ်ကိုင်လာကြသောပညာ ဖြစ်သည်၊ တခြားနေရာတွေမှာ ဘယ်မလဲ သားရဲလေ့ကျင့်သူတွေ?

ကောင်းဖန်ကခဏလောက်တွေးတောနေပြီး ဤမေးခွန်းသည်သူနှင့်အလွန်ဝေးကွာနေသည်ဟုခံစားလိုက်ရသည်၊ မိုးကောင်းကင်ပြိုကျတော့မည်ကိုသာမန်လူတစ်ဦးက စိုးရိမ်နေသလိုဖြစ်နေသည်၊

သူ့၏အသက်ကယ်စွမ်းရည်အသစ်မှာ ‘ဒြပ်စင်အကာအကွယ်’ ဖြစ်သည်၊ စွမ်းရည်သည် သူ၏ကိုယ်ပိုင်သားရဲ၏စွမ်းအားကိုသုံးပြီးနောက် သူကိုယ်သူကာကွယ်ရန်အတွက် အကာအကွယ်ပုံစံပြောင်းလိုက်ခြင်းဖြစ်သည်၊

စာစဉ် ၈

ဒါကရှားပါးတဲ့စွမ်းရည်တစ်ခုတော့ မဟုတ်ပါ၊ ဘာဘဲဖြစ်ဖြစ်, ကောင်းဖန်က သူရဲ့စာမေးပွဲပထမအချီမှာ ၎င်းကိုသုံးခဲ့တာ ကိုသတိရလိုက်သည်၊

ထိုအသက်ကယ်စွမ်းရည်များသည် တစ်စုံတစ်ယောက်၏စိတ်ဝိဉာဉ်အနက်ဆုံးတွင် တံဆိပ်ခတ်ထားခြင်းဖြစ်သည်၊ ထိုလှူပ်ရှားမှုများကိုအခြားသူများအားသင်ကြားရန် နည်းလမ်းမရှိပါ။

အုပ်ချုပ်သူအဆင့်သားရဲလေ့ကျင့်ပေးသူများအားလုံ းသည် ထိုကိစ္စများနှင့်ပတ်သတ်၍ မည်သည့်အချက်အလက်မျှသတင်းမပေါက်ကြားစေပါ၊ သူတို့အားလုံးတွင်

ထိုလျှို့ဝှက်ကိုထိန်းသိမ်းရန်အပြန်အလှန်နားလည်မှုရှိ ြြသည်၊ သူတို့ကသူတို့ အချင်းချင်းကြားထဲတွင်ဘဲဆွေးနွေးတိုင်ပင်ကြသည်၊

ကောင်းဖန်က ဦးလေးလျှိုမှသူ၏တွေးခေါ်နိုင်စွမ်းရှိသော နက္ခတ်ပြောင်းရွှေ့ခြင်းများ အကြောင်းကိုရုတ်တရက်စဉ်းစားမိလိုက်သည်၊

သူ့ကိုကြည့်ရတာအရမ်းကိုအလေးအနက်ထားသလို ပင်၊ နက္ခပြောင်းရွှေ့ခြင်းများ၏ အရေးပါပုံကိုယခုမှသာသူ့ကိုယ်သူသိတော့သည်၊

လူတွေက သူ့မှာသာအကန့်အသတ်မရှိအသက်ကယ်စွမ်းရည်ရှိသ

ည်ဆိုတာကိုသာ

သိရင်သူ့ကိုသေချာပေါက်အာရုံစိုက်ကြလိမ့်မည်၊

ဦးလေးလျှိုကသူ့ကိုလျှို့ဝှက်ထားတာဘာကြောင့်ဆို

တာကို ကောင်းဖန်နားလည်သည်၊

ဒီလိုမှမဟုတ်ရင်အုပ်ချုပ်သူအဆင့်အတန်းမရှိသည့်

သားရဲလေးတွေတောင်မှ

ရုတ်တရက်အသက်ကယ်စွမ်းရည်ရှိသွားလိမ့်မည်၊

ငယ်ရွယ်သောမိသားစုဝင်များ

ဖြစ်သောသန်မာသည့်သားရဲလေ့ကျင့်သူများသည်

သူတို့ဆွေမျိုးများအား

စွမ်းရည်ပေးရန်သွေးဆောင်ခံရလိမ့်မည်၊

နောက်ဆုံးတော့, သူတို့မကာကွယ်ချင်တဲ့

အနည်းငယ်ငယ်ရွယ်တဲ့သူတွေဘယ်မှာရှိမှာလဲ?

စာစဉ် ၈

ကံကောင်းစွာနဲ့ဘဲ,

ကောင်းဖန်ကလူပါးဝတတ်သောပင်ကိုစရိုက်ရှိသည်၊

သူကမလုပ်ဖို့ လူကြီးတွေပြောထားတဲ့အရာတွေကိုလုပ်ဖို့

သူကတိုက်တွန်းမှာမဟုတ်ဘူး၊

ဘာကြောင့်လဲဆိုတော့,သားရဲလေ့ကျင့်သူကောလိပ်

ဝင်ခွင့်စာမေးပွဲကာလအတွင်း

အွန်လိုင်းဆွေးနွေးမှုများအားလုံးသည်

သားရဲလေ့ကျင့်သူများအကြောင်းဖြစ်နေသည်၊

သားရဲလေ့ကျင့်သူများသည်အမြဲတမ်းနာမည်ကြီးသ

ည်၊ စာမေးပွဲပတ်ဝန်းကျင်အားလုံး

၌ဗရင်းသည်လူတိုင်း၏အာရုံကိုကျိန်းသေပေါက်ရလိမ့်မည်

။

စာစဉ် ၈

သားရဲလေ့ကျင့်သူများ၏သားရဲများရဲ့တိုက်ပွဲအများစုကိုမှတ်တမ်းတင်ပြီးအင်တာနက် ပေါ်သို့တင်ကြသည်၊ ကောင်းဖန်က သူတို့အားလုံးကိုစိတ်အားထက်သန်မှုနှင့်အားရစွာကြည့်လိုက်သည်၊

၎င်းတို့သည်မည်သည့်ကာတွန်းကားထက်မဆိုပို၍ဖျော်ဖြေမှုရှိသည်၊ ဘာကြောင့်ဆိုတော့၎င်းကသူအမှန်တကယ်မြင်တွေ့ခဲ့ရတာကြောင့်ဖြစ်သည်၊ ဒေတာဇယားများကို ဖြတ်၍ကောင်းဖန်ကသားရဲများနှင့်မကောင်းဆိုးဝါးစွမ်းရည်များကိုကြည့်လိုက်သည်၊

ထိုနေရာတွင်မည်သည့်ကင်မရာလှည့်စားမှုများမရှိဘဲ,

စာစဉ် ၈

ထိုတိုက်ပွဲများသည်ရိုးသားပြီး အစစ်အမှန်ဖြစ်သည်ဟုခံစားရသည်။

ဗွီဒီယိုများကိုကြည့်ပြီးနောက်ခဏအကြာတွင်, ကောင်းဖန်သူ့ရဲ့လက်ပ်တော့ကိုပိတ် လိုက်သည်၊

သူက ထရပ်လိုက်ပြီး, ညှော့ခန်းထဲတွင်အိပ်နေကြသောသူ၏သားရဲများကိုခေါ် လိုက် သည်, “တော်လောက်ပြီ၊ မင်းတို့ကောင်တွေဗိုက်ထဲအစာဖြည့်ပြီးရင်လေ့ကျင့်ခန်း လေး ဘာလေးလုပ်ကြဦး၊ မဟုတ်ရင်,မင်းတို့ကောင်တွေ အစင်းလေးလိုဖြစ်သွားလိမ့်မယ်!”

အစင်းလေး..! “???”

စာစဉ် ၈

သားရဲများကိုလေ့ကျင့်ရန်နှင်ထုတ်ပြီးနောက်ကောင်းဖန်သည် အိမ်အနောက်ဘက်သို့ သွား၍ဥယျာဉ်ထဲ၌ထိုင်လိုက်သည်၊ သူကသူ့လက်ပ်တော့ကိုဖွင့်ပြီး သူ့အတွက် ဂန္ဓာမာလက်ဖက်ရည်ကိုငှဲ့လိုက်သည်၊

တာ့ဗီနှင့်အစင်းလေးသည်ဒမ်ဘီကိုဆန့်ကျင်တိုက်ခိုက်ရန်အတူတကွစုဖွဲ့လိုက်ကြ သည်၊ သားရဲသုံးကောင်သည် အတူတကွစုပြုံသွားကြတော့သည်၊ ဒါကအားမာန်ပါသောတိုက်ပွဲဖြစ်သည်၊

ဒမ်ဘီကသူ့ရဲ့စွမ်းရည်အများအပြားကိုသိလှောင်ထားသောကြောင့် သူကတာ့ဗီနှင့် အစင်းလေးအတွက် လေ့ကျင့်ရန်အငှားအဖော်ဖြစ်ပေးနေသည်၊

စာစဉ် ၈

တစ်ဖက်မှာတော့,

ဒါကကောင်းဖန်ရဲ့အနှစ်သက်ဆုံးလေ့ကျင့်ခန်းအချိန်ဖြစ်သည်၊

ဆီလီ၏ရဲရဲဝံ့ဝံ့ဖြစ်စေရန်မြှင့်တင်ပေးသည့်လေ့ကျင့်ခန်းဖြစ်သည်၊

ဆီလီသည်သစ်ပင်တစ်ပင်တွင်ကြိုးအသေးလေးတစ်ချောင်းဖြင့်ချည်ခံထားရသည်၊

ဆီလီနှင့်တိုတောင်းလှသောအကွာအဝေးတွင်ဖလိမ်မီရှိသည်၊ ဖလိမ်မီကသူ့၏

အတောင်များကိုဆက်၍တဖျပ်ဖျပ်ခတ်လိုက်ပြီး

၎င်း၏ခန္ဓာကိုယ်ကိုရှေ့သို့တိုးဝင်သွား လိုက်သည်၊

၎င်း၏သန်မာလှသောနှုတ်သီးက

ဓားတစ်ချောင်းလိုပင်ချွန်ထွက်နေသည်၊

စာစဉ် ၈

ၝင်းသည်သစ်ပင်ကိုထိလိုက်တိုင်း အရာတစ်ခုကျန်နေခဲ့သည်၊

လေ့ကျင့်မှုဆက်လက်လုပ်ဆောင်နေစဉ်တွင် ဖလိမ်မီ၏နှုတ်သီးမှသေးငယ်သော သွေးအစင်းလေးကစ၍ပေါ်လာသည်၊

ကောင်းဖန်သက်ပြင်းချလိုက်သည်၊ ဖလိမ်မီ၏နှလုံးထဲတွင် မုန်းတီးမှုတို့နှင့် ပြည့်နှက်နေသည်၊ သူရဲ့ကြိုးစားမှုများအားလုံးသည်တစ်နေ့တွင် သူ့အမေအတွက် လက်စားချေနိုင်လိမ့်မည်၊

ဖလိမ်မီ၏စိတ်အားထက်သန်မှုကြောင့်ဆီလီသည်အလွန်ကိုကြောက်ရွံ့နေခဲ့သည်၊

ငင်းသည်သစ်ပင်အောက်တွင်ပုန်းနေပြီး

တုန်လှုပ်စွာဖြင့်ဖလိမ်မီကိုကြည့်နေသည်။

***

စာစဉ် ၈

# *အပိုင်း၁၂၇ ချန်အန်းမြို့ ချန်ပီယံ*

ကောင်းဖန်သည်အင်တာနက်တွင်ရှာဖွေနေချိန်၌, သူကဆီလီဘာလုပ်နေလဲဆိုတာ လှမ်းကြည့်သည်၊ သူလုပ်နေတာတွေရဲ့အကြောင်းအရင်းကဆီလီသတ္တိရှိလ ာပြီး ကြမ်းတမ်းသန်မာလာစေရန်, သေဖို့အတွက်မကြောက်ရွံ့စေရန်ဖြစ်သည်။

အစပိုင်းတွင်တော့,ဆီလီကအရမ်းစိတ်လှုပ်ရှားနေခဲ့ သည်၊ နှစ်ပတ်လောက်ပတ်ပြီး ကြာတော့သူ့ကိုယ်သူမူးနေပြီးနောက်တစ်ပတ်ထပ်ပတ် လိုက်သေးသည်၊ ထို့နောက်, ခဏလောက်သူကနားလိုက်ပြီးပြန်ထလိုက်ကာဆက်ပြီး စက်ဝိုင်းပုံဆက်ပတ်နေသည်၊

စာစဉ် ၈

ထိုကောင်ငယ်လေးကထပ်ပြီးပတ်ဖို့အတွက်အင်အားရှိ
ေသေးတာကြောင့်,
ကောင်းဖန်ကသူ့ကိုလျစ်လျူရှုထားဖို့ဆုံးဖြတ်လိုက်သည်
၊

ခဏလောက်ကြာတော့,
သူကအစိမ်းရောင်ပုံရိပ်ကိုကိုမြက်ခင်းများအောက်တွင်
လိုက်ရှာလိုက်သည်၊
၎င်း၏အရောင်ကပတ်ဝန်းကျင်နှင့်ပြေပြစ်စွာရောစပ်နေ
သည်၊ ၎င်း၏ဘဝဲလက်များကအပေါ်တက်လာပြီး,
၎င်းကနားနေသည်, တစ်ခါတစ်ရံ၌
နူးညံ့သောဟောက်သံလေးကိုပါထုတ်လွှင့်လိုက်သေးသ
ည်။

စာစဉ် ၈

ကောင်းဖန်သည်ထိုသို့သောအခြေအနေမျိုးတွင်၎င်း၏အိပ်စက်နိုင်ခြင်းကို အတော်လေးသဘောကျလှသည်။

အရင်ရက်အနည်းငယ်တုန်းက, ကောင်းဖန်သည်သားရဲပျိုးထောင်သူရုံး၌ရုံဖန်ရုံခါ အလုပ်လုပ်ရန်သွားသည်၊ သူ့စာမေးပွဲစပြီးကတည်းကရုံးမှာအလုပ်လုပ်တဲ့နာရီအရေအတွက်ကိုလျှော့ချလိုက်သည်၊ ရုံးတွင်ချန်အန်းမှအတွေ့အကြုံမရှိသေးသော သားရဲလေ့ကျင့်သူအသစ်နှစ်ဦးကိုခေါ်ယူထားပြီး ၎င်းတို့၏စျေးနှုန်းချိုသာမှုကြောင့် အသုံးပြုသူအနည်းငယ်ကိုဆွဲဆောင်နိုင်ခဲ့သည်။

စာစဉ် ၈

ကောင်းဖန်သည်အရေးကြီးသောဖောက်သည်များကိုသာလက်ခံသည်၊ သူကပုံမှန်ပျှမ်းမျှဖောက်သည်များကိုလက်ခံမှာမဟုတ်ပေ။

အရင်တုန်းက,ကောင်းဖန်သည်အိမ်တွင်သူ့သားရဲတွေကိုပြုစုစောင့်ရှောက်ဖို့လုံလောက်တဲ့ဝင်ငွေရဖို့ဒီအလုပ်မှာလုပ်တာဖြစ်သည်၊ သူ့လက်နဲ့ပိုက်ဆံရှာရတိုင်း သူစိတ်မသန့်ဖြစ်မိသည်။

ဒါပေမယ့်အခုတော့သူရဲ့နေထိုင်မှုစရိတ်ကိုစိတ်ပူစရာမလိုတော့ပေ၊ လွန်ခဲ့တဲ့နှစ်ရက်တုန်းက ဦးလေးလျိုက သူ့ကိုမထင်ရှားသောအကြွေးဝယ်ကတ်တစ်ခုပေးခဲ့သည်၊ သူ့အဘိုးကသူ့အတွက်စားဝတ်နေရေးစရိတ်စကသုံးစွဲဖို့

ေးတာလို့ပြောသည်၊ ကန့်သန့်ချက်တော့မပြောပေ၊ သူတတ်နိုင်သလောက်သူသုံးနိုင်သည်။

ကောင်းဖန်ကခရက်ဒစ်ကဒ်မှဂဏာန်းများကိုကြည့်လိုက်ပြီး သူ့ကိုယ်သူစိတ်ထိန်းဖို့ ကြိုးစားလိုက်သည်၊ ယနေ့မှစ၍သူသည်သူ၏သားရဲပျိုးထောင်ခြင်းအလုပ်ကိုဝါသနာတစ်ခုအဖြစ်နဲဘဲဆက်နိုင်တော့မည်ဖြစ်သည်။

…

ကောင်းဖန်၏စာမေးပွဲတွေပြီးရှစ်ရက်အကြာတွင်သ ားရဲလေ့ကျင့်သူအရာရှိ ကောလိပ်ဝင်ခွင့်စာမေးပွဲပထမဆုံးအကြိမ်ပြီးသွားပြီဖြစ်သည်၊ ခုနစ်ရက်နေ့ညတွင် ရလဒ်တွေထွက်လာသည်။

စာစဉ် ၈

ဇရက်မြောက်နေ့ညလည်ခေါင်တွင်, များစွာသောလူများကသူတို့၏ရလဒ်ကို ကြည့်ရန်အတွက်အစောကြီးထကြသည်။

ဦးလေးလျိုကမနက်အစောကြီးတွင်နိုးနေသည်၊ သူ့မျက်မှန်ကိုကောက်ယူလိုက်သည်၊ သူ့ညဝတ်အင်္ကျီကိုဝတ်လိုက်ပြီး, မီးဖွင့်လိုက်ပြီးသူ့ကွန်ပြူတာကိုဖွင့်လိုက်ကာ ရလဒ်ကိုကြည့်လိုက်သည်။

အထူးချိတ်ဆက်များမှတစ်ဆင့်ရလဒ်များအကြောင်း ကို သူသိရှိထားပြီးဖြစ်သော်လည်း, သူ့ကိုယ်တိုင်ကြည့်ချင်သေးသည်။

….

စာစဉ် ၈

ယွိကျိုးမြို့တောင်ပိုင်းကောင်းကင်အဖွဲ့ဘုရားကျော
င်းမျှော်စင်၏ဇဇထပ်မြောက်တွင် ဖြစ်သည်။

“ဥက္ကဋ္ဌ”,ကောင်းမွန်သည့်အဝတ်အစားများဝတ်ဆင်
ထားသည့်အမျိုးသား
အတွင်းရေးမှူးသည်ရုံးခန်းထဲသို့လျှောက်ဝင်လာပြီး
ကျီဟန့်ဝူ၏စားပွဲပေါ်တွင်
များစွာသောစာချုပ်များကိုတင်လိုက်သည်။

ကျီဟန့်ဝူပြန်လာကတည်းက,
သူ၏အတွင်းရေးမှူးကိုပြောင်းလဲလိုက်သည်၊
အတွင်းရေးမှူးလျိုဘယ်ရောက်သွားလဲဆိုတာပင်မသိေ
ေ့ပေ။

“နားလည်ပြီ, အဲ့တာတွေကိုချထားခဲ့လိုက်”
ကျီဟန့်ဝူကခေါင်းညိတ်ရင်းခပ်တိုးတိုး ပြောလိုက်သည်၊

စာစဉ် ၈

အတွင်းရေးမှူးအသစ်ကလေးလေးစားစားခေါင်းညိတ်လိုက်သည်၊ သူ့မျက်လုံးတွေကို လှည့်ကြည့်ရမှာတောင်ကြောက်သည်၊ ကောင်းစွာနားမထောင်သောကြောင့် နောက်ဆုံးအတွင်းရေးမှူးကိုဖယ်ရှားခဲ့သည်၊ ညွှန်ကြားချက်ထပ်မလာသောကြောင့် သူထွက်လာခဲ့သည်၊

ကျိုဟန့်ဝူကအတွင်းရေးမှူးထွက်သွားတော့ဂုဏ်သိက္ခာရှိသောပုံရိပ်ကိုပြသလိုက်သည်၊ သူကကြောက်စရာတစ်ခုခုကိုလုပ်နေသလိုမျိုး ဂရုတစိုက်ဖြင့်ဝက်ဘ်ဆိုက်စာမျက်နှာကိုဖွင့်လိုက်သည်။

သူကတစ်ချိန်တည်းမှာပင် ဝက်ဘ်ဆိုက်စာမျက်နှာတွင်စာတစ်စောင်ရိုက်လိုက်သည်

စာစဉ် ၈

၊ ထို့နောက်သူ့ဖုန်းကိုထုတ်လိုက်သည်၊ ဦးလေးလျှိုမှပို့လိုက်သည့်စာမေးပွဲရလဒ်လည်း ရနေပြီဖြစ်သည်၊ ဦးလေးလျှိုသည်က ကောင်းကောင်းမပို့မိမှာကြောက်လို့ သုံးခါတောင်ပြန်ပို့ထားတာဖြစ်သည်…

သူတို့အသက်တွေကိုအတူတူပေါင်းလိုက်ရင်တစ်ရာ ကျော်နေပြီဖြစ်သည်၊ ရလဒ်တွေကို စစ်ဆေးဖို့ကြိုးစားနေတာကိုမြင်ရတာက ရယ်စရာကောင်းသောမြင်ကွင်းတစ်ခုလိုပင် ဖြစ်နေသည်။

တောင်ပိုင်းကောင်းကင်အဖွဲ့မှအကြီးတန်းအရာရှိမျာ းသည် ဥက္ကဋ္ဌကစိတ်ကောင်းဝင်နေတာကိုသတိထားမိကြပြီး,

များစွာစောစမ်းသပ်ချက်ပရောဂျက်များကိုလျင်မြန်စွာ

လက်ခံပေးလိုက်သည်။

…

ဦးလေးလျိုသည် သူ့မြေကေရှစ်ရာကို

စစ်ဆေးကြည့်ရှုနေသောအဘိုးအိုသူဌေးကဲ့သို့

ပေါ့ပေါ့ပါးပါးဖြင့်လမ်းလျှောက်လာသည်။

သူသည်ကောင်းဖန်၏ဗီလာသို့မသိလိုက်မသိဘာသ

ာဖြင့် ဗီလာ၏ဥယျာဉ်ထဲတွင်

လျှောက်သွားနေခဲ့သည်။ပြတင်းပေါက်မှတစ်ဆင့်

ကောင်းဖန်သည်ဆိုဖာပေါ်တွင်

အိပ်ပျော်နေသည်ကိုတွေ့လိုက်ရသည်။

စာစဉ် ၈

“အဟမ်း”

ဦးလေးလျိုသည်ကြမ်းပြင်မှမျက်နှာကြက်ထိရှိသောပြတင်းပေါက် အပြင်ဘက်တွင်ချောင်းဆိုးလိုက်သည်။

ကောင်းဖန်ကဆိုဖာပေါ်တွင်လူးလိမ့်လိုက်သည်, သို့ပေမယ့်ဆက်ပြီးအိပ်နေသည်၊ ကောင်းဖန်၏ဘေးတွင်အိပ်နေသောအစင်းလေးသည်မှူးဝေနေပြီးသူ့၏ နောက်ဘက်ခြေချောင်းများဖြင့်မျက်လုံးကိုပွတ်သပ်လိုက်သည်။

၎င်းကသမ်းဝေလိုက်သည်, ဒါပေမယ့်ဦးလေးလျိုဖြစ်ကြောင်းသတိထားမိသွားပြီးနောက်၎င်း၏နှိုးကြားမှုကကျဆင်းသွားတော့သည်။

စာစဉ် ၈

ဒီကလေးက

ဒီလောက်ပျင်းနေတာဘယ်လိုလုပ်ရမလဲ?

သူရဲ့ရလဒ်ထွက်လာရင်လည်း

စိတ်ပူမှာတောင်မဟုတ်ဘူး, သူတွေးလိုက်သည်၊

ဦးလေးလျှိုက

ကောင်းဖန်ဘေးတွင်အိပ်နေသည့်သားရဲနှစ်ကောင်ကို

အချက်ပြလိုက်ပြီး ကောင်းဖန်ကိုနိုးစေလိုက်သည်၊

တဲ့ဇီက ၎င်း၏ဗိုက်ပေါ်တွင်လဲအိပ်နေသည်၊

၎င်းကဦးလေးလျှိုကိုလှည့်ကြည့်လိုက်ပြီးနောက်

သူ့ကိုကြည့်နေရင်းနှင့်ပင်ပြန်၍ဖြေးဖြေးချင်းအိပ်ပျော်သွ

ားတော့သည်၊

ဦးလေးလျှိုကတော့ ဒါကိုမယုံနိုင်ဘဲဖြစ်နေသည်!

ဒီကလေးရဲ့ သတ္တဝါလေးတွေ ကလည်း

စာစဉ် ၈

သူ့လိုစွမ်းရည်တွေနဲ့အကုန်တူနေတာဘဲ, ပျင်းပြီး ဆိုးဝါးတဲ့အကျင့်လေးတွေ!

ဦးလေးလျှိုသည် အစပိုင်းကတော့ကောင်းဖန်ထံသို့သတင်းကောင်းကြေငြ ာပေးချင်တာဖြစ်သည်၊ ဒီလိုမျိုးဝက်တစ်ကောင်လိုဆက်ပြီးအိပ်နေလိမ့်မည်လို့ ဘယ်သူကထင် မှာလဲ?

ဒေါက် , ဒေါက် , ဒေါက်၊

ဦးလေးလျှိုကယဉ်ကျေးစွာနဲ့ဘဲ မှန်ကိုခေါက်လိုက်ပြီး, ကောင်းဖန်ကိုထိုအသံနှင့်နှိုး လိုက်သည်၊

စာစဥ် ၈

ကောင်းဖန်ကသူ့မျက်လုံးတွေကိုဝေဝါးမှုတို့နှင့်အတူ ဖွင့်လိုက်တော့, ပြတင်းပေါက်၏ အပြင်ဘက်တွင်လူတစ်ဦးရပ်နေတာကိုမြင်သွားပြီးနောက်, ထိတ်လန့်သွားတော့သည်၊ ထို့နောက်,သူကပို၍သေချာဂရုတစိုက်ကြည့်လိုက်တော့ ဦးလေးလျှိုဖြစ်နေတာကို သတိထားမိတော့သည်၊

“ဦးလေးလျှို, ဘာဖြစ်တာလဲ?” ကောင်းဖန်က ညင်သာစွာနဲ့သူ့မျက်လုံးကိုပွတ်ပြီး မေးလိုက်သည်၊

“ထပြီး မင်းရဲ့ရလဒ်ကိုကြည့်လိုက်ဦး” ဦးလေးလျှိုကပျော်ရွှင်စွာနှင့်ပြောလိုက်သည်၊ သူပိုပြီးပျော်ရွှင်စေမယ့်တစ်ခုတည်းသောနည်းလမ်းက သူ့မျက်နှာပေါ်မှာ ‘ပျော်ရွှင်’ ဆိုတဲ့စာလုံးကိုထိုးထားလျှင်ဖြစ်လိမ့်မည်၊

စာစဉ် ၈

"…"ကောင်းဖန်သည် ညော့ခန်းထဲရှိနာရီကိုကြည့်လိုက်ပြီးပြောလိုက်သည်, "ဦးလေးလျှို, မနက်ကြီးလေးနာရီခွဲဘဲရှိသေးတယ်လေ"

"မင်း လေးနာရီခွဲမှာရလဒ်ကိုကြည့်လို့ရပြီလေ!" ဦးလေးလျှိုကလေးနက်သောမျက်နှာနှင့်ကြည့်ကာပြောလိုက်သည်၊

သူနိုးနေပြီးဖြစ်လို့, သူကဘာလုပ်ရတော့မှာလဲ? ကောင်းဖန်ကဖြေးညင်းစွာနှင့်ထလာပြီး သူ့လက်ပ်တော့ကိုဖွင့်လိုက်သည်၊ တစ်ချိန်တည်းမှာပင်, သူကဦးလေးလျှိုဝင်ရန်အတွက်ပါ တံခါးကိုဖွင့်ပေးလိုက်သည်၊

ဦးလေးလျှိုကသူ့လက်ကိုယမ်းလိုက်ပြီးငြင်းလိုက်သည်၊ "မလိုပါဘူး၊ ငါမလာတော့ဘူး

စာစဉ် ၈

အထူးသဖြင့်မင်းကိုစစ်ကြည့်ဖို့လာပြီးသတိပေးတာ၊ ငါဖြတ်သွားတုန်းမင်းကအိပ်နေသေးတာမလို့လေ, အဲ့တာကြောင့်မင်းကိုနှိုးဖို့ဆုံးဖြတ်လိုက်တာ”, သူကပြောပြီးနောက် သူလာရာလမ်းအတိုင်းပြန်ထွက်သွားတော့သည်၊

ကောင်းဖန်ကအပြင်ဘက်ကိုကြည့်လိုက်တော့, နက်ပြာရောင်ကောင်းကင်ကြီးကိုမြင် လိုက်သည်၊ လနှင့်ကြယ်များက မြင်သာစွာရှိနေဆဲဖြစ်သည်၊ ထို့နောက်သူက ထွက်သွားတဲ့ဦးလေးလျှိုရဲ့နောက်ကျောကိုကြည့်လိုက်သည်၊

ဦးလေးအသက်ကြီးနေတဲ့အတွက်ကို ကျွန်တော်ကျေးဇူးတင်သင့်လား?

စာစဉ် ၈

သူကသူ့လက်ပ်တော့ကိုဖွင့်ကာ, ဝက်ဘ်ဆိုက်ထဲသို့သွားလိုက်ပြီးသူ၏အကောင့်တွင်ပြောထားသောအကြောင်းကြားစာကိုတွေ့လိုက်သည်, “ယခုအကောင့်သည်အခြား တစ်နေရာမှဝင်ပြီးဖြစ်သည်၊”

ကောင်းဖန်မျက်မှောင်ကြုတ်လိုက်သည်၊ သူကအကြောင်းကြားချက်ကိုနှိပ်လိုက်ပြီးငင်းကဝင်ရောက်ထားသောနေရာကိုပြသည်, တောင်ပိုင်းကောင်းကင်အဖွဲ့ ဘုရားကျောင်းမျှော်စင်, ယွိကျိုး။

ကောင်းဖန်အံ့ဩသွားတော့သည်၊

တစ်ချိန်တည်းမှာပင်, တောင်ပိုင်းကောင်းကင်အဖွဲ့ဘုရားကျောင်းမျှော်စင်ထဲမှ လူအိုကြီးကနှာချေလိုက်သည်၊

ကောင်းဖန်သည်အဆင့်များထံသို့နှိပ်လိုက်သည်၊ ဒေသများနှင့်ခရိုင်များခွဲထားပြီး ရွေးစရာအတန်းများရှိသည်၊ ဒါကရှုးနှမ်းတဲ့သက်သေအထောက်အထားစနစ်ဖြစ်သည် ၊

သူကချန်အန်းမြို့ကိုရွေးလိုက်သည်၊ ထိပ်တွင်ကျောင်းသားအိုင်ဒီရှာဖွေရန်ဘားတစ်ခု ရှိသည်၊

ကောင်းဖန်ကသူ၏ ကျောင်းသားအိုင်ဒီကိုထည့်သွင်းလိုက်သည်၊ ဖန်သားပြင်ပေါ်တွင် လက်သွားပြီး ကွန်ပြူတာက

စာစဉ် ၈

စက္ကန့်ပိုင်းလောက်ရပ်သွားပြီးနောက်ဇယားပေါ်လာသ
ည်၊

[အမည်]–ကောင်းဖန်

[အသက်]–၁၈

[ရမှတ်]–၇၁၀မှတ်

[အဆင့်]–ချန်အန်းမြို့ ပထမနေရာ

ကောင်းဖန်က ပထမနေရာ! သူကျေနပ်သွားသည်၊ အကယ်၍အရင်အချိန်တွေတုန်းကဆိုရင်, သူကချန်ပီယံဖြစ်လောက်တယ်လို့ မှန်းလို့ရလား?

သားရဲလေ့ကျင့်သူအများစုသည် အုပ်ချုပ်သူအဆင့်သားရဲများကိုမြှင့်တင်ခြင်းတွင် အာရုံစိုက်ကြသည်၊ နောက်ဆုံး,

စာစဉ် ၈

အုပ်ချုပ်သူအဆင့်သားရဲတစ်ကောင်က ထိပ်တန်းအဆင့်သားရဲငါးကောင်ထက် ပိုပြီးကောင်းတဲ့အမှတ်ကိုရနိုင်သည်၊

သေချာတာပေါ့, သားရဲပေါင်းများစွာကိုတစ်ပြိုင်တည်းရွေးချယ်ခဲ့တဲ့ခသာ းရဲလေ့ကျင့်သူတွေလည်းရှိသည်၊ သူတို့ကိုအုပ်စုလိုက်လေ့ကျင့်ပေးသည်၊ ဥပမာ, သူတို့ရဲ့အဓိက အကျွမ်းတဝင်သားရဲက အုပ်ချုပ်သူအဆင့်မီးအမျိုးအစားသားရဲဖြစ်လိမ့်မည်,ပြီး နောက် သူတို့ရဲ့ဒုတိယနဲ့တတိယသားရဲက လေ ဒါမှမဟုတ် သစ်သားအမျိုးအစား, ဒါမှမဟုတ် ဘယ်လိုအမျိုးအစားမဆိုသူတို့ကြီးထွားမှုတွင်ကူညီပေး လိမ့်မည်၊ သူတို့ဘယ်လောက်

မြန်မြန်တိုးတက်တယ်ဆိုတဲ့အပေါ်မှာလည်းကန့်သတ်ချက်ရှိသည်၊

…

တစ်ချိန်တည်းမှာပင်, ချန်အန်းမြို့အခြားဆင်ခြေဖုံးတစ်ခုရှိဗီလာတစ်ခုတွင် တစ်စုံတစ်ယောက်က စိတ်တိုစွာနှင့်ပြောလိုက်သည်, “ ဘယ်လိုလုပ်ပြီးငါက ဒုတိယနေရာဖြစ်နိုင်မှာလဲ? ငါအဲ့တာကိုငါ့မျက်လုံးတွေနဲ့သေချာမြင်ခဲ့တာ၊ သူရောငါရောမှာသားရဲသုံးကောင်ရှိတာ၊ အုပ်ချုပ်သူသားရဲတစ်ကောင် ပြီးတော့ထိပ်တန်းအဆင့်သားရဲနှစ်ကောင်၊ ဘာလို့ငါက ပထမမဖြစ်နိုင်ရတာလဲ? ငါကသူ့အောက်တစ်နေရာမှာရောက်နေတယ်!”

“သခင်လေး,
သူ့ရဲ့ထိပ်တန်းအဆင့်သားရဲတစ်ကောင်က မြေကြီးအမျိုးအစား, ပြီးတော့ သားရဲတိုက်ခိုက်ရတာက သစ်သားအမျိုးအစားကိုပါ၊ ဒါကသူ့ကို ၁၀မှတ်အလေးသာ သွားစေတာ”, ဘေးတစ်ဖက်မှအမျိုးသမီးတစ်ယောက် အသံထွက်ပေါ်လာသည်၊

ဗီလာထဲတွင်ခဏလောက်ရပ်သွားသည့်,ပြီးနောက် တစ်စုံတစ်ယောက်၏ရှူးသွပ်နေ သောအော်သံကထွက်ပေါ်လာတော့သည်၊

***

# သားရဲလှေ့ကျင့်သူ ကောင်းဖန်

စာစဥ် ၈

စာစဉ် ၈

# *အပိုင်း၁၂၈ စာမေးပွဲဒုတိယအချီ*

အများစုသောအရာရှိဖြေဆိုသူများအတွက်, ပထမအကြိမ်၏ပြီးဆုံးမှုသည် သားရဲလေ့ကျင့်သူအရာရှိကောလိပ်ဝင်ခွင့်တစ်ခုလုံး၏အဆုံးဖြစ်သည်၊ သို့သော် သားရဲလေ့ကျင့်သူအနည်းငယ်အတွက်ပထမအကြိမ်ပြီးဆုံးမှုသည်အစပိုင်းမျှသာ ရှိသေးသည်။

ကောင်းဖန်ထံသို့နံနက်ပိုင်းတွင် စာမေးပွဲဌာနရုံးမှဖုန်းဆက်လာသည်။

“ဟယ်လို, မစ္စတာကောင်းဖန်လားမသိဘူး?” ဖုန်းလိုင်းတစ်ဖက်မှအသံကမေးလိုက် သည်၊

စာစဉ် ၈

"ကောင်းဖန်ပြောနေပါတယ်ဗျ"

"ဟယ်လို,

မင်းကသားရဲလေ့ကျင့်သူအရာရှိကောလိပ်ဝင်ခွင့်စာမေးပွဲဒုတိယအကြိမ်မှာ ပါဝင်ဖို့အတွက် အရည်အချင်းပြည့်မှီခဲ့ပါတယ်၊ ဇွန်လ၂၇ရက်နေ့နံနက်၉နာရီမှာ ပထမအကြိမ်ဖြေဆိုခဲ့တဲ့နေရာကိုသွားပေးပါ၊ စားမေးပွဲကဆယ့်ငါးရက်အကြာမှာ ဖြစ်ပါတယ်၊ မင်းကသော့,အဝတ်အစား,ပြီးတော့တစ်ကိုယ်ရည်သန့်ပစ္စည်းတွေ ယူလာစရာမလိုပါဘူး၊ မင်းရဲ့ပူးပေါင်းဆောင်ရွက်မှုအတွက်ကျေးဇူးတင်ပါတယ်"

စာစဉ် ၈

ကောင်းဖန်ကဖုန်းထဲမှတစ်ယောက်ကိုကျေးဇူးတင်လိုက်ပြီး, အချိန်ကိုကြည့်ရန်အတွက်နှစ်ချက်နှိပ်လိုက်ပြီးဖုန်းချလိုက်သည်။

ဒါကနည်းပြချန်းကပြောတဲ့ဒုတိယအကြိမ်စာမေးပွဲဖြစ်သည်၊ ဒါပေမယ့်နည်းပြချန်းကစာမေးပွဲအသေးစိတ်အချက်အလက်များကိုမပြောခဲ့ပေ, ကောင်းဖန်ကတွေးလိုက်သည်၊ သူကဘာကိုမျှော်လင့်နေမိလဲဆိုတာသေချာမသိပေ။

ယခုက၂၆ရက်နေ့ရှိပြီဖြစ်ကာ, စာမေးပွဲကနောက်တစ်နေ့ဇန်နဝါရီဖြစ်သည်။

ကောင်းဖန်ကဖလိမ်မီနှင့်သွေးစာချုပ်မချုပ်ဆိုရသေးတာကြောင့်, ဖလိမ်မီကိုဒုတိယအကြိမ်စာမေးပွဲ၌ခေါ်သွားတော့မည်မဟုတ်ပေ။

စာစဉ် ၈

ကောင်းဖန်ကဖလိမ်မီကိုဦးလေးလျို၏အိမ်တွင် ရက်အနည်းငယ်လောက်ထားခဲ့ရန် စီစဉ်လိုက်သည်၊ ဖလိမ်မီကငယ်ရွယ်သောကေရာဇ်အဆင့်သားရဲဖြစ်သည်၊ အကယ်၍ဝင်းကအခိုးခံလိုက်ရလျှင်, ကောင်းဖန်၏အသဲတွေကွဲကြေသွားလိမ့်မည်၊ ကောင်းဖန်ကဖလိမ်မီကိုဘေးအိမ်သို့ခေါ်သွားလိုက်သည် ။ (အပေါ်မှာကျကောင်းဖန်နဲ့ စာချုပ်ချုပ်ပြီးသွားပြီ၊ ဒီမယ်တော့မချုပ်ရသေးဘူးလို့ရေးထားတယ်ဗျ၊)

"ဖန်လေး, ဘာကိစ္စရှိလို့လဲ?" နေကိုမျက်နှာမူလျက်လှုပ်ကုလားထိုင်ပေါ်တွင် လဲလျောင်းနေသောဦးလေးလျိုကမေးလိုက်သည်၊ သူကမျက်စိကိုစွေ၍, ပျော်ရွှင်စွာဖြင့် ကြည့်လိုက်သည်။

စာစဉ် ၈

“ဦးလေးလျို,
ဦးလေးမှာအချိန်ရှိမရှိကျွန်တော်မသိပေမယ့်,
ကျွန်တော့်ကြိုးကြာသားရဲကို
လဝက်လောက်စောင့်ရှောက်ထားပေးလို့ရမလား?”
ကောင်းဖန်ကရှက်ရွံ့စွာဖြင့် မေးလိုက်သည်၊
ဦးလေးလျိုကိုသူ့အဘိုးကသူ့အားဂရုစိုက်ရန်အတွက်လွှတ်လိုက်ခြင်း သူသိပေမယ့်,
သူ့အတွက်ဒီလိုကိစ္စတွေကိုမေးဖို့အတွက်တော့ရှက်ရွံ့နေဆဲဖြစ်သည်။

စကားပြောချိုသာသူဖြစ်ခြင်းက
ဘယ်နေရာမှာမဆိုအထောက်အကူဖြစ်စေသည်။

ဦးလေးလျိုကမျက်ခွံတွေကိုတွေကိုဖွင့်လိုက်ပြီးပြောလိုက်သည်, “မင်းဘာလို့ငါ့ကို အရမ်းပျူငှာနေတာလဲ?

စာစဉ် ၈

ဒီမှာသာထားခဲ့စမ်းပါကွာ၊ စိတ်အေးအေးထား, ငါသူ့ကို ဝလာတဲ့အထိကောင်းကောင်းကျွေးမွေးထားပါ့မယ်”

အိုး...

ကောင်းဖန်ကသူ့ကိုယ်သူတီးတိုးရေရွတ်လိုက်သည်၊ သူကအတော်လေးအသင့်အတင့်ရှိလှသည့်ဖလိမ်မီကိုလှည့်ကြည့်လိုက်သည်၊
ဦးလေးလျိုကသူ့ကိုမဝမချင်းကျွေးမယ်လို့ ပြောတဲ့အချိန်မှာ,
သူကသေချာပေါက်သိပ်ပြီးယဉ်ကျေးမနေတော့ပေ၊

ဖလိမ်မီသည်ဦးလေးလျိုကိုစိတ်ရှုပ်ထွေးစွာဖြင့်ကြည့်လိုက်သည်၊
ထိုလူကြီးကလှည့်ကြည့်ကာပြောလိုက်ပြီး
သူ့ကိုပြုံးပြကာဖြူဖွေးနေသောသွားများကိုပြလာသည်၊

စာစဉ် ၈

သူကပြောလိုက်သည်, “သူ့ကိုငါနဲ့ထားခဲ့ပြီး မင်းအေးအေးဆေးဆေးသွားလို့ရတယ်”

“ကောင်းပါပြီ, ကျနော်အမြဲတမ်းဦးလေးလျိုရဲ့စကားတွေကိုယုံပါတယ်” ကောင်းဖန်က ခေါင်းညိတ်ကာဦးလေးလျိုထံသို့ဖလိမ်မီအားလက်လွှဲလိုက်သည်၊ သူကဖလိမ်မီကို ဒုက္ခမပေးဘဲဦးလေးလျို၏စကားကိုနားထောင်ကာ လျှောက်မပြေးရန်မှာခဲ့သည်။

ဖလိမ်မီကငတုံးမဟုတ်ပေ၊ ၎င်းကသူ့သခင်ဘာပြောလဲဆိုတာကို နားလည်ပြီးသူ၏ အတောင်ပံများကိုနှစ်ကြိမ်ခတ်ပြလိုက်ကာ နားလည်ကြောင်းပြလိုက်သည်၊

...

တာ့ဇီကိုမနေ့ညကအုပ်ချုပ်သူအဆင့်သို့တိုးမြင့်ခဲ့သည်၊

အကယ်၍သားရဲသည်တိကျသောအဆင့်အတန်းနှင့်အဆင့်ရှိလျှင်, အဆင့်မြှင့်တင်ခြင်း သည်အောင်မြင်ရန်အတွက်ခက်ခဲသောအရာမဟုတ်ပေ၊ အဆင့်တိုးမြှင့်ဖို့အခွင့်အလမ်းလိုပေမယ့် သားရဲများအတွက်တော့တိုက်ခိုက်မှုကဲ့သို့သောအရာမျိုးမလိုအပ်ပေ၊ တိုးမြှင့်ဖို့အတွက်အထွတ်အထိပ်အဆင့်သို့ရောက်နေဖို့သာလိုအပ်သည်၊ ချိတ်ဆက်မှုတို့ကမှန်ကန်နေလျှင်,အဆင့်တိုးမြှင့်ခြင်းသ

ည်အလွန်သဘာဝကျသော
လုပ်ငန်းစဉ်တစ်ခုသာဖြစ်သည်။

ဒုတိယနေ့မိုးသောက်ချိန်၌, ကောင်းဖန်သည်အစင်းလေးအားစီး၍ပထမအကြိမ် စာမေးပွဲဖြေဆိုသည့်နေရာသို့သွားလိုက်သည်၊ ထိုနေရာမှာလူဘယ်နှစ်ယောက်ရှိလဲ, ဒုတိယအကြိမ်စာမေးပွဲကိုတက်ရောက်နိုင်မည့်လူဘယ်နှစ်ယောက်ရှိသည်မှန်း သူမသိပေ၊

ကောင်းဖန်ကတော့အနည်းဆုံးလူအယောက်တစ်ရာလောက်ရှိမည်လို့ထင်ခဲ့သည်, ဒါပေမယ့်သူရောက်တဲ့အချိန်မှာတော့, စောင့်နေတဲ့သူတွေကလက်တစ်ဆုပ်စာဘဲရှိတာကိုမြင်လိုက်ရသည်။

စာစဉ် ၈

ကြည့်ရတာငါအစောကြီးရောက်နေပုံဘဲ, ကောင်းဖန်ကပြုံးကာတွေးလိုက်သည်။

နာရီဝက်လောက်စောင့်ပြီးနောက်, စာမေးပွဲ၏အမှုဆောင်အရာရှိများရောက်ရှိလာပေမယ့်,နောက်ထပ်ဘယ်စာမေးပွဲဖြေဆိုသူအရာမှရောက်မလာတော့ပေ။

စစ်ဘက်လိုင်စင်နံပါတ်တပ်ထားသောဂျစ်ကားတစ်စီးသည်သူတို့ဆီသို့အဝေးမှဦးတည် မောင်းလာခဲ့သည်၊ ၎င်းတို့ရောက်တော့, လမ်း၏တစ်ဖက်တွင်ထိုးရပ်လိုက်သည်၊

“ငါကမင်းတို့ကို ကိုင်တွယ်ရမဲ့သူဘဲ” ဂျစ်ကားထဲမှဆင်းလာသောဆံပင်တိုနှင့်မျက်မှန်

တပ်ထားသောသူကပြောလိုက်သည်၊ "တော်လောက်ပြီ, အားလုံးဘဲ, တိတ်တိတ်နေ"

ရှစ်ယောက်၊ ဖြေဆိုသူရှစ်ယောက်ဘဲ၊ ကောင်းဖန်ကအံ့သြသွားသည်၊ ဒုတိယအချီကို ရှစ်ယောက်ထဲနဲ့ဘယ်လိုလုပ်မှာတုန်း? သူတို့က ထိပ်ဆုံး၁၀ယောက်ကိုဘဲအဆင့်လိုက် အလုပ်ခွဲထားတာလား? ကောင်းဖန်အကူအညီမဲ့စွာဘဲ ထိုအခြေအနေကိုလျှောင်ပြောင် လိုက်သည်၊

"ဒုတိယအချီက ချန်အန်းမြို့နဲ့နီးတဲ့ဘယ်နေရာမှာမှကျင်းပမှာမဟုတ်ဘူး၊ ပွဲကိုကျန်းနန်မြို့ဌာနချုပ် ထိုက်ယန်ရှန်း အမျိုးသားသစ်တောဥယျာဉ်မှာလုပ်မှာဖြစ် တယ်၊ ငါကမင်းတို့စိတ်ပိုင်းဆိုင်ရာပြင်ဆင်နိုင်အောင်လို့ဒီအပြေ

ြေောင်းကိုပြောနေတာ၊ ဒီစာမေးပွဲမှာစည်းဝိုင်း

ပုံစံအပိုင်းတွေမပါဝင်ဘူး,

ပြီးတော့,တစ်ဦးနဲ့တစ်ဦးတိုက်ရမဲ့

ပွဲလည်းမဟုတ်ဘူး၊မင်းတို့က

နေရာချထားတဲ့တောရိုင်းထဲမှာ အစစ်အမှန်သားရဲတွေနဲ့

တိုက်ခိုက်ရမှာဖြစ်တယ်!”

“ထိုက်ယန်ရှန်းသစ်တောဥယျာဉ်ကိုထိပ်တန်းသားရဲ

လေ့ကျင့်သူတွေက ထောက်လှမ်းထားတယ်၊

သူတို့ကဧကရာဇ်အဆင့်အတန်းသားရဲတည်ရှိမှုကို

ပယ်ချ ထားတယ်”, မျက်မှန်နှင့်လူကပြောသည်။

ပြီးတော့,ခဏလောက်ရပ်ပြီးထိုသူက ပြောသည်,

“ဒါပေမယ့်ထိုက်ယန်ရှန်းသစ်တောဉ_ယျာဉ်မှာ

အုပ်ချုပ်သူအဆင့်သားရဲတွေငါးရာထက်

မနည်းရှိတယ်၊သူတို့ထဲကတချို့ကထိပ်ဆုံး အုပ်ချုပ်သူအဆင့်သားရဲတွေဘဲ”

ကျင်းနန်မြို့ဌာနချုပ်? ထိုက်ယန်ရှန်းသစ်တောဥယျာဉ်?

လူအစုကအံ့သြနေတော့သည်၊ သူတို့ကဘာလို့အဝေးကြီးကိုသွားဖို့လိုအပ်တာလဲ?

“မူဝါဒအရ အစိုးရနဲ့သားရဲလေ့ကျင့်သူအဖွဲ့ချုပ်ကမင်းတို့ရဲ့ ကျန်းမာရေးကောင်းဖို့ကို သေချာအောင်လုပ်ပေးပြီးတော့, မင်းတို့အရေးပေါ်အခြေအနေတွေမှာသုံးဖို့အတွက် မီးကျည်သေနတ်ကိုပေးလိမ့်မယ်၊ ဒါပေမယ့်, ကယ်ဆယ်တဲ့သူတွေကတော့မင်းတို့ဆီ

ရောက်ဖို့အတွက်အချိန်တော့ယူရလိမ့်မယ်၊ ဒါကြောင့်မီးကျည်သေနတ်ကိုဘယ်အချိန်သုံးရမလဲဆိုတာမင်းတို့သိဖို့လိုလိမ့်မယ်၊ သေချာတာပေါ့, တခြားလူတွေကနောက်မှ အသေးစိတ်အချက်အလက်တွေကို ခရီးသွားရင်းနဲ့ပေးလိမ့်မယ်, ဒါ့ကြောင့် ဒီကိစ္စနဲ့ ပတ်သတ်ပြီးတော့ ငါအများကြီးမပြောတော့ဘူး”

“ဒုတိယအချီကစည်းမျဥ်းစည်းကမ်းကိုမဖြစ်မနေလုပ်ရမယ်လို့တော့မရှိဘူး၊ အကယ်၍မင်းတို့မလုပ်ရင်လည်းဒါကမင်းတို့ရဲ့ပထမအခ ျီစာမေးပွဲရလဒ်ကိုထိခိုက်မှာ မဟုတ်ဘူး၊ ကောင်းပြီ, မင်းတို့ဆုံးဖြတ်ချက်ချနိုင်ပြီ၊ မင်းတို့ဆုံးဖြတ်ဖို့အတွက်ငါတို့ နာရီဝက်အချိန်ပေးမယ်၊

နာရီဝက်အတွင်းမှာ, လေယျာဉ်တစ်စီးရောက်လာပြီးမင်းတို့ ကိုသွားမည့်နေရာဆီလာတင်ခေါ်လိမ့်မယ်”

သူစကားပြောပြီးသွားတဲ့နောက်, သူကဖြေဆိုသူရှစ်ယောက်ကိုလျစ်လျူရှုလိုက်သည်၊ သူကလျင်မြန်စွာနဲ့ဘေးဘက်သို့လျှောက်သွားလိုက်ပြီး သူ့ရဲ့အိတ်ကပ်ထဲကစီးကရက်ကိုထုတ်လိုက်ပြီးစ၍ဆေး လိပ်သောက်တော့သည်၊

နေရောင်ခြည်ကိုဖုံးလိုက်ပြီးသူ၏အရှေ့တွင်ကြီးမား သောပုံရိပ်တစ်ခုက ရုတ်တရက် ပေါ်လာသည်၊

သူကခေါင်းကိုမော့လိုက်ပြီး ဒမ်ဘီကသူ့ကိုငုံပြီးစိုက်ကြည့်နေတာကိုတွေ့လိုက်သည်၊

စာစဉ် ၈

“ဘာလဲ?” မျက်မှန်နှင့်လူကမေးလိုက်သည်, ဒမ်ဘီထံသို့ရှုပ်ထွေးစွာဖြင့်ဆေးလိပ်ငွေ့မှုတ်ထုတ်လိုက်သည်၊

ဒမ်ဘီကသူ့ရဲ့ညာလက်ကိုမြှောက်လိုက်သည်၊ အနက်ရောင်ဝတ်ရုံအောက်တွင်အဖြူရောင်အရိုးများရှိနေသည်၊

မျက်မှန်နှင့်လူကမျက်မှောင်ကြုတ်လိုက်သည်၊ ထို့နောက်သူကတုံ့ဆိုင်းစွာနဲ့သူ့ရဲ့ညာလက်ကိုဒမ်ဘီနှင့်လက်ဆွဲနှုတ်ဆက်ရန်မြှောက်လိုက်သည်၊ “ အဆင်ပြေလား?”

ဒမ်ဘီကငြိမ်နေသည်၊ ထိုလူ၏ဘယ်ဘက်လက်ကစီးကရက်ကိုကြည့်လိုက်သည်၊

စာစဉ် ၈

မျက်မှန်နှင့်လူကဒမ်ဘီသည်သူ၏လက်ကို မလှုပ်ချင်ကြောင်းသတိထားမိလိုက်သည်၊ ၎င်းကစီးကရက်သောက်ချင်နေသည်၊ သူကစိတ်ပျက်စွာနှင့်ပြောလိုက်သည်,

“မင်းကအရမ်းပိန်ပြီးအရိုးတွေဘဲကျန်တော့တာလေ, ပြီးတော့မင်းကဆေးလိပ်တောင် သောက်ချင်နေသေးတယ်? မင်းကဘယ်လိုတောင်တအားဆေးလိပ်စွဲနေတာတုန်းဟ?”

ထိုလူကတွန့်တိုတာမဟုတ်ပေ၊ ဆေးလိပ်သောက်သူများသည်သူတို့၏ဆေးလိပ်သောက်ချိန်ကိုတန်ဖိုးထားသည်၊

စာစဉ် ၈

ဒမ်ဘီကသူ့ညာဘက်လက်ကိုဆန့်ထုတ်ထားဆဲဖြစ်ပြီး, စီးကရက်ကိုတောင်းနေသူ၏ပုံစံကမပြောင်းလဲဘဲရှိနေသည်၊

ငင်းသည်အရိုးစုတစ်ခုသာဖြစ်သည်၊ ဒါကရှက်စရာကောင်းတယ်လို့မခံစားရပေ၊

နောက်ဆုံးတော့,ထိုလူကရွေးချယ်စရာမရှိတော့ပေ၊ သူကဘူးထဲကဆေးလိပ်တစ်လိပ်ကိုထုတ်ပြီးဒမ်ဘီကိုပေးလိုက်သည်၊

ဒမ်ဘီသည်စီးကရက်ကိုပါးစပ်ထဲထည့်ပြီးဝါးချလိုက်သည်၊

“ ဟေး, အဲ့တာကအဲ့လိုလုပ်ရတာမဟုတ်ဘူးလေ! မင်းအဲ့တာကိုမီးတောင်မညှိရသေး ဘူးဟာ!”

ထိုလူကပြောလိုက်သည်၊ သူကအကူအညီမဲ့ကာ

ဒမ်ဘီက

စစ်တပ်ကမတူညီသောအပင်အမျိုးအစားများကိုသုံး၍ပြု

လုပ်ထားသော အထူး

ကောင်းမွန်သည့်စီးကရက်ကိုဖြုန်းတီးလိုက်တာကိုတွေ့

တော့ အော်ဘဲအော်နိုင်လိုက် သည်၊

နောက်ထပ်ဖြစ်လာတာက သူ့ကိုအံ့သြသွားစေသည်၊ စီးကရက်နံ့ကိုသယ်ဆောင်လာသည့်မီးခိုးငွေ့များသည် ဒမ်ဘီ၏ပါးစပ်မှထွက်လာတော့သည်၊

အဲ့လိုနည်းမျိုးလည်းသုံးလို့ရတယ်ပေါ့?!

***

စာစဉ် ၈

# စာစဉ် ၈ ပြီး၏။